- ဒေသတွင်း ဈေးကွက်သည် အတက်အကျမြန်ဆန်ပြီး ကုန်စည်ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာ အခြေအနေအရပ်ရပ် သည် ခန့်မှန်း၍မရနိုင်အောင် ပြောင်းလဲစေကာမူ အနှောင့်အယှက် အနည်းဆုံးဖြင့် အကောင်းဆုံးဝန်ဆောင်မှု ပေးနိုင်သည့် ဂုဏ်ပုဒ်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပါသည်။

## ဗျူဟာမြောက်သောအလေးပေးဆောင်ရွက်မှု

EFR GLE သည် တီထွင်ဆန်းသစ်မှု၊ ယုံကြည်စိတ်ချရမှုနှင့် Customer များ၏ စိတ်ကျေနပ်မှုအပေါ် အလေးထား၍ ဝန်ဆောင်မှုများကို ဆက်လက်ဆောင်ရွက်ပါမည်။ ကုမ္ပဏီသည် တိုးပွားလာမည့် Customer အရေအတွက်ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဒစ်ဂျစ်တယ်လုပ်ငန်းစဉ်များကို တိုးမြှင့်အသုံးပြုရန်နှင့် လုပ်ငန်းစဉ်တစ်လျှောက် ပွင့်လင်းမြင်သာမှုရှိစေရန် ကြိုးပမ်းလျက်ရှိပါသည်။ ပိုမိုတိုးတက်ကောင်းမွန်သည့် အနာဂတ်ကိုရည်မှန်း၍ EFR GLE သည် ဝန်ဆောင်မှုများ ဆန်းသစ်စေရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေး ကွန်ရက်များနှင့် ယခုထက်ပို၍ ပေါင်းစည်းဆောင်ရွက်သွားပါမည်။

## ရေရှည်မျှော်မှန်းချက်

လာမည့်နှစ်တွင် EFR GLE သည် -

- Customer တစ်ဦးချင်းအတွက် သီးသန့်သယ်ယူပို့ဆောင်ပေးသော လုပ်ငန်းများနှင့် နယ်စပ်ဖြတ်ကျော်ဝန်ဆောင်မှု များကို ပိုမိုခိုင်မာအားကောင်းအောင် ဆောင်ရွက်ရန်။
- အထူးပြု ဈေးကွက်အသစ်များ၊ အထူးသဖြင့် လက်လီနှင့် စိုက်ပျိုးရေးဆိုင်ရာ ပို့ကုန်များအတွက် စတင်ဝန်ဆောင်မှု ပေးရန်။
- သိုလှောင်ရုံနှင့် ကုန်စည် စီမံမှုများတွင် စက်ပစ္စည်းများဖြင့် ပိုမိုအစားထိုးဆောင်ရွက်ရန်နှင့်
- လုပ်ငန်းနယ်ပယ် တိုးချဲ့ရန်၊ လုပ်ငန်းဖက် ကုန်စည်သယ်ယူပို့ဆောင်သူများ၊ အေးဂျင့်များနှင့် ဗျူဟာမြောက်ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်သွားရန်။

အထက်ပါ ကြိုးပမ်းမှုများမှတစ်ဆင့် ကုမ္ပဏီ၏ အရည်အသွေး၊ အခက်အခဲများကို ရင်ဆိုင်နိုင်မှုနှင့် လုပ်ငန်းကျွမ်းကျင်မှု တို့ကြောင့် Customer များ၏ ယုံကြည်စိတ်ချမှုကို ရရှိထားသည့် EFR GLE သည် မြန်မာနိုင်ငံမှ နိုင်ငံတကာသို့ ကုန်စည်သယ်ယူ ပို့ဆောင်ရေး ဦးဆောင်ကုမ္ပဏီအဖြစ် ၎င်း၏ ရပ်တည်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားရန် ရည်ရွယ်ပါသည်။

## A Logistics Co., Ltd. (A Log)

A Logistics Co., Ltd. ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် ဖွဲ့စည်းခဲ့ပြီး Ayeyar Hinthar Holding Co., Ltd. နှင့် E.F.R Group Public Co., Ltd. ၏ လက်အောက်ခံကုမ္ပဏီဖြစ်သော Unison Choice Services Ltd. တို့က ဖက်စပ်တည်ထောင်ထားသော ကုမ္ပဏီဖြစ်ပါသည်။ ကုမ္ပဏီသည် အထူးကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားသော အဖွဲ့တစ်ရပ်ဖြင့် ကုန်စည်ထောက်ပံ့ပို့ဆောင်ရေး အလုံးစုံဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး Ayeyarwaddy International Industrial Port (AIIP) ကို စီမံခန့်ခွဲပါသည်။

ကုမ္ပဏီ၏ အခြေခံအဆောက်အအုံများကို ပုသိမ်-ငပုတော ကားလမ်းပေါ်ရှိ ပုသိမ်စက်မှုဇုန်အတွင်း မြေဧက ၆,၇၀၀ ပေါ်တွင် တည်ဆောက်ထားပြီး နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်း၊ သိုလှောင်ရုံများ၊ ကွန်တိန်နာကွင်းများနှင့် အာမခံသိုလှောင်ရုံများ ပါဝင်ပါသည်။

ကုမ္ပဏီသည် တည်ဆဲဝန်ဆောင်မှုများအပြင် ကိုယ်ပိုင်ထရပ်ကားများဖြင့် မြန်မာနိုင်ငံတစ်ဝန်း ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ထိုင်းနိုင်ငံသို့ ရေယာဉ်များဖြင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး Customer များအတွက် ယုံကြည်စိတ်ချရပြီး အလေအလွင့်နည်းပါးသော သယ်ယူပို့ဆောင်ရေးဖြစ်စေရန် အတည်ပြုဆောင်ရွက်ပါသည်။ ကုမ္ပဏီသည် ကုန်စည်သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေးမှစ၍ အကောက်ခွန်ရှင်းလင်းခြင်း၊ သတ်မှတ်နေရာသို့ ပို့ဆောင်ပေးခြင်းအထိ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှု အလုံးစုံကို ဘက်စုံ၊ ထောင့်စုံမှ စီမံစစ်ဆေးဆောင်ရွက်ပေးရန် အရည်အသွေး၊ လူအင်အားနှင့် ပစ္စည်းအင်အား အလုံအလောက်ရှိပါသည်။

## Myanmar Round the World Logistics, Ltd. (MRTW Logistics)

၂၀၀၅ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သော Myanmar Round the World Logistics Ltd. (MRTW Logistics) သည် E.F.R Group ၏ အရေးပါသော လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်ပြီး လေကြောင်းသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများကို အလေးပေးဆောင်ရွက်ပါသည်။ MRTW သည် Saudia Airline, ANA, Etihad, Korea Air, Qatar Airways အပါအဝင် အခြားနိုင်ငံတကာလေကြောင်းလိုင်းများအတွက် ကုန်စည်အရောင်းအေးဂျင့် (CSA) နှင့် အထွေထွေအရောင်းအေးဂျင့် (GSA) အဖြစ် တရားဝင် ခန့်အပ်ခြင်းခံရသူဖြစ်ပါသည်။ ကုမ္ပဏီသည် မြန်မာနိုင်ငံမှ ဂျပန်၊ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုသို့ တန်ဖိုးမြင့် အထည်အလိပ်များ တင်ပို့ခြင်းကို အဓိကဆောင်ရွက်ပြီး ယုံကြည်စိတ်ချရသော လေကြောင်းသယ်ယူပို့ဆောင်မှုများ၊ အကောက်ခွန်ရှင်းလင်းခြင်းနှင့် ကုန်စည်များ တစ်နိုင်ငံမှတစ်နိုင်ငံသို့ အကူးအပြောင်းကာလတွင် ညှိနှိုင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများကို လက်ခံဆောင်ရွက်ပေးပါသည်။ နာမည်ကြီး လေကြောင်းလိုင်းများနှင့် မိတ်ဖက်အဖြစ် စာချုပ် ချုပ်ဆိုထားပြီး လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံ များပြားသောကြောင့် MRTW သည် မြန်မာနိုင်ငံ၏ ထုတ်လုပ်ရေးကဏ္ဍကို နိုင်ငံတကာ ဈေးကွက်များနှင့် ချိတ်ဆက်ပေးသည့် အရေးပါသောကုမ္ပဏီတစ်ခုဖြစ်ပြီး အကျိုးထိရောက်၍ အချိန်နှင့်တပြေးညီဖြစ်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း E.F.R Group လက်အောက်ရှိ ကုန်စည်သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Myanmar Round the World Logistics Ltd. (MRTW Logistics) သည် အထူးသဖြင့် လေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် အကြီးစား ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုများ တွင် တိုးတက်မှုရှိခဲ့ပြီး ၎င်း၏အဓိကဝန်ဆောင်မှု ကဏ္ဍများတွင် လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝကြောင်းကို အစဉ်တစိုက် သက်သေပြသနိုင်ခဲ့ပါသည်။

## လုပ်ငန်းစွမ်းဆောင်ရည်များအနက်မှ ကောက်နုတ်ချက်များ

- ကုမ္ပဏီသည် Export FCL မှ Gross Profit (အကြမ်းအမြတ်) ကျပ် ၂၂ ဒသမ ၆ သန်းကျော်နှင့် Export CFS မှ Gross Profit ကျပ် ၅ ဒသမ ၆ သန်းကျော်ရရှိခဲ့သောကြောင့် အကျိုးအမြတ်များစွာ ဖြစ်ထွန်းခဲ့သည်ဟု ဆိုနိုင်ပါသည်။
- အာမခံဝန်ဆောင်မှုများမှလည်း အမြတ်ငွေများစွာ ရရှိခဲ့ပြီး ရောင်းရငွေ ကျပ် ၈ ဒသမ ၈ သန်းမှ Gross Profit ကျပ် ၆ သန်း ဖြစ်ပေါ်ခဲ့ပါသည်။
- သွင်းကုန်နှင့်သက်ဆိုင်သည့် CFS နှင့် FCL လုပ်ငန်းများသည် အမြတ်ဖြစ်ထွန်းမှု နည်းပါးသော်လည်း MRTW သည် Huawei, Colgate နှင့် Maersk ကဲ့သို့ Client များအတွက် ကုန်စည် ထောက်ပံ့ပို့ဆောင်ရေး တန်ဖိုးမြင့် ဝန်ဆောင်မှုများတွင် ၎င်း၏ ကျွမ်းကျင်မှုကို ရင်းနှီးမြှုပ်နှံ၍ ဆောင်ရွက်ခဲ့ပါသည်။
- ခြုံ၍ဆိုရလျှင် MRTW သည် အမြတ်ရနိုင်ခြေ မြင့်မားသော ဝန်ဆောင်မှုနယ်ပယ်များကို အကောင်းဆုံးအသုံးချ၍ အလေအလွင့် နည်းပါးစေရန် စရိတ်များကို ထိန်းချုပ်ခြင်းဖြင့် ငွေကြေးတောင့်တင်းသော အဖွဲ့အစည်းအဖြစ် ခိုင်မာသောနေရာတစ်ခုကို ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။

## လုပ်ငန်းပိုင်းဆိုင်ရာအောင်မြင်မှုများ

- Saudia Airlines, ANA နှင့် Qatar Airways အပါအဝင် နိုင်ငံတကာမှ နာမည်ကြီးလေကြောင်းလိုင်းများအတွက် ကုန်စည်အရောင်းအေးဂျင့် (CSA) အဖြစ် ၎င်း၏ရပ်တည်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပါသည်။
- ဂျပန်၊ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုသို့ အထူးဦးစားပေး အထည်အလိပ် ကုန်တင်သင်္ဘောများနှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းဖက်အဖြစ် ဆက်လက်ဝန်ဆောင်မှု ပေးနိုင်ခဲ့ပါသည်။
- သွင်းကုန်၊ ပို့ကုန် စီမံခန့်ခွဲခြင်းနှင့် ပေါင်းစည်းပေးခြင်းအတွက် ဝန်ဆောင်မှုရယူလိုသည့် နိုင်ငံတကာမှ Client ကို ဦးတည်ချက်ထား၍ အကြီးစားကုန်စည်ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်ကို ပိုမိုခိုင်မာအားကောင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ရေရှည်မျှော်မှန်းချက်

MRTW သည် လေကြောင်းသယ်ယူပို့ဆောင်ရေးပမာဏကို ဆက်လက်တိုးချဲ့ လုပ်ကိုင်ရန် မျှော်မှန်းထားပြီး သို့လှောင်ရုံဆိုင်ရာ စီမံခန့်ခွဲမှုများကို အဆင့်မြှင့်တင်၍ နိုင်ငံတကာမှ နာမည်ကြီး သယ်ယူပို့ဆောင်ရေးကုမ္ပဏီများနှင့် လက်တွဲဆောင်ရွက်မှု ပိုမိုခိုင်မာစေရန် အလေးထားဆောင်ရွက်ပါမည်။ ကုမ္ပဏီသည် ဒေသတွင်းနှင့် နိုင်ငံတကာ ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံ၏ တိုးတက်လာသော အခန်းကဏ္ဍကို အထောက်အကူပြုစေရန် အချိန်လေးစားသော၊ ယုံကြည်စိတ်ချရသော၊ Customer ဗဟိုပြု ကုန်စည်ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။

## Unison Choice Services, Ltd. (UCSL)

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဖွဲ့စည်းခဲ့သော Unison Choice Services Ltd. (UCSL) သည် E.F.R Group ၏ အရေးပါသော ကုန်စည်ထောက်ပံ့ ပို့ဆောင်ရေးဆိုင်ရာ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်ပြီး ကမ္ဘာ့အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းအတွက် အလုံးစုံ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုများကို အထူးပြုဆောင်ရွက်ပါသည်။ UCSL သည် ရေကြောင်းနှင့် လေကြောင်း ကုန်စည်ထောက်ပံ့ပို့ဆောင်ခြင်း၊ အကောက်ခွန်ရှင်းလင်းခြင်း၊ ကုန်းတွင်းသယ်ယူပို့ဆောင်ခြင်းနှင့် ကုန်စည်အကြီးစားများကို သယ်ယူပို့ဆောင်၊ စီမံခန့်ခွဲပေးခြင်း အပါအဝင် ဝန်ဆောင်မှုအမျိုးမျိုးကို ဆောင်ရွက်ပေးပါသည်။ ၂၀၂၃ ခုနှစ်တွင် UCSL သည် လက်လီဈေးကွက်အတွက် ကုန်စည်များကို အိမ်အရောက်ပို့ဆောင်ပေးခြင်းနှင့် နာမည်ကြီး ကုန်အမှတ်တံဆိပ်ပိုင်ရှင် Client များနှင့် အရေးပါသော စာချုပ်များကို ချုပ်ဆိုခြင်းတို့ကို ၎င်း၏ဝန်ဆောင်မှုများတွင် ပါဝင်အောင် တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ ကုမ္ပဏီသည် မြန်မာနိုင်ငံမှ ဥရောပသို့ ကုန်စည်တင်ပို့ရာတွင် အကျိုးအမြတ်ဖြစ်ထွန်းသော ကွန်တိန်နာရပ်နားစခန်း [Container Freight Station (CFS)] ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးပြီး ကိုယ်ပိုင် အေးခဲကုန်တင်ယာဉ်များ [Refrigerated (RF) box trucks]ကို အသုံးပြု၍ ဖြန့်ဖြူးပါသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း Unison Choice Services Ltd. (UCSL) သည် မြန်မာနိုင်ငံရှိ ကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ အထူးသဖြင့် အထည်အလိပ်နှင့် အထည်ချုပ်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ၎င်း၏ ရပ်တည်မှုကို ဆက်လက် ခိုင်မာအားကောင်းအောင် တည်ဆောက်ရန် ရည်ရွယ်ပါသည်။ E.F.R Group တွင် ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍတစ်ခုကို အထူးပြုဆောင်ရွက်သည့် E.F.R Group ၏ အားထားရသော လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သည့် UCSL သည် အဓိက ဝန်ဆောင်မှု နယ်ပယ်များတွင် အခက်အခဲများကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ပြီး စီးပွားရေးဝန်းကျင်နှင့် သဟဇာတဖြစ်သည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သက်သေပြသခဲ့ပါသည်။

### လုပ်ငန်းစွမ်းဆောင်ရည်များအနက်မှ ကောက်နုတ်ချက်များ

- ဝယ်ယူသူများက စိတ်ကြိုက် ရွေးချယ် ငှားရမ်းသော UCSL ၏ ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ဝင်ငွေစုစုပေါင်း ကျပ် ၇၅ ဒသမ ၂ သန်းရရှိခဲ့ပြီး အကြမ်းအမြတ် (Gross Profit)အဖြစ် ကျပ် ၄၄ ဒသမ ၇ သန်းကျော်ရရှိခဲ့သောကြောင့် ကုန်ကျစရိတ်သက်သာ၍ Customer များ၏ ယုံကြည်မှုကို ရရှိခဲ့ကြောင်း ပြသရာရောက်ပါသည်။
- ဝယ်ယူသူများက စိတ်ကြိုက်ရွေးချယ်ငှားရမ်းသော လေကြောင်းပို့ဆောင်ရေးလုပ်ငန်း (Nomination - based Air Freight) သည် လုပ်ငန်းစွမ်းဆောင်ရည်တည်ငြိမ်ပြီး ဝင်ငွေ ကျပ် ၄ ဒသမ ၁ သန်းနှင့် အကြမ်းအမြတ် ကျပ် သုည ဒသမ ၈ သန်း ရရှိခဲ့ပါသည်။
- ကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍသည် ဝင်ငွေအနည်းဆုံးဖြစ်သော်လည်း တည်ငြိမ်သော ဝင်ငွေလမ်းကြောင်းတစ်ခုကို ဖြစ်ပေါ်စေပြီး ကုန်စည်များ အိမ်အရောက် ပို့ဆောင်ပေးသည့် ကုမ္ပဏီ၏ ဝန်ဆောင်မှုအပေါ် များစွာ အထောက်အကူပြုပါသည်။

## လုပ်ငန်းပိုင်းဆိုင်ရာ အောင်မြင်မှုများ

- နိုင်ငံတကာ အထည်အလိပ်အမှတ်တံဆိပ်များအတွက် ရေကြောင်းနှင့် လေကြောင်း သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဥရောပသို့ သယ်ယူပို့ဆောင်ပေးသည့် ဝန်ဆောင်မှုများကို ဦးစားပေးဆောင်ရွက်ပါမည်။
- ကိုယ်ပိုင် အေးခဲကုန်တင်ယာဉ်များကို အသုံးပြု၍ လုပ်ငန်းဆောင်ရွက်ပြီး စုပေါင်းတင်ပို့မှုအတွက် ကုန်စည်များကို စီမံခန့်ခွဲပေးသည့် ယုံကြည်စိတ်ချရသော ကွန်တိန်နာရပ်နားစခန်း (CFS) အဖြစ် ဝန်ဆောင်မှုပေးပါသည်။
- ပြောင်းလဲလာသော Customer များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အပူချိန်ထိန်းညှိပေးရန်လိုအပ်သော ကုန်စည်များအတွက် မြင့်မားသော စံနှုန်းတစ်ခုကို ထိန်းသိမ်း၍ ခြေရာခံနိုင်သော စနစ်တို့ဖြင့် လက်လီပို့ဆောင်မှုများနှင့် ပြည်တွင်းဖြန့်ဖြူးရေး ဝန်ဆောင်မှုများကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ရေရှည်မျှော်မှန်းချက်

UCSL သည် အပူချိန်ထိန်းညှိရန် လိုအပ်သောကုန်စည်များကို ထောက်ပံ့ပို့ဆောင်ပေးခြင်း၊ အဝတ်အထည်များ ချိတ်ဆွဲနိုင်သည့် ကွန်တိန်နာဝန်ဆောင်မှုများ၊ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေး အစမှ အဆုံးအထိ စီမံခန့်ခွဲခြင်းတို့ပါဝင်သည့် ၎င်း၏လုပ်ငန်းစွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်သွားရန် ကတိပြုပါသည်။ အနာဂတ်တွင် ကုမ္ပဏီသည် နိုင်ငံတကာ အထည်ချုပ်လုပ်ငန်းဆိုင်ရာ ကုန်စည်စီးဆင်းမှု ကွင်းဆက်တွင် တိုးတက်လာသည့် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကို အထောက်အကူပြုနိုင်ရန် နိုင်ငံတကာမှ အဝယ်တော်များနှင့် ယခုထက်ပိုမို၍ လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားရန်နှင့် အခြေခံအဆောက်အအုံများကို ခိုင်မာအောင် တိုးချဲ့ရန်စီစဉ်ထားပါသည်။

## Gold Shipping Agency Services, Ltd.

E.F.R Group မှ လုပ်ငန်းခွဲတစ်ခုအဖြစ် ၂၀၀၀ ပြည့်နှစ်တွင် တည်ထောင်သည့် Gold Shipping Agency Services Limited သည် Shipping Agency ဝန်ဆောင်မှုများကို အထူးတလည် ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်သည့် ကုမ္ပဏီတခုဖြစ်ပြီး ယခုအခါတွင် (ရန်ကုန်-ကော့သောင်း-ရနောင်း)နှင့် (ရနောင်း-ကော့သောင်း-ရန်ကုန်) Border Trade အား ကုန်သေတ္တာတင်ရေယာဉ် MV. BEYPORE SULTAN ကို အသုံးပြု၍ လက်ရှိနိုင်ငံတကာနှင့် ကုန်စည်စီးဆင်းမှုကို အရှိန်အဟုန်မပျက် စီးဆင်းနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ မိမိတို့အနေဖြင့် ထိုင်းနိုင်ငံနှင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုများကို လက်ရှိကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ဆောင်ရွက်ခြင်းအစား ယခုအခါတွင် လန်ချဘန်-ရနောင်း-ကော့သောင်း-ရန်ကုန် လမ်းကြောင်းမှတစ်ဆင့် ဆောင်ရွက်စေခြင်းဖြင့် နယ်စပ်ကားလမ်း ဆက်သွယ်မှု ပြတ်တောက်သည့် အခက်အခဲများ မရှိနိုင်တော့ခြင်း၊ ကုန်ပစ္စည်းနှင့် ကားများ လုံခြုံစိတ်ချစွာ သယ်ယူပို့ဆောင်နိုင်ခြင်း၊ ပျက်စီးမှု လျော့နည်းလာနိုင်ခြင်း၊ လမ်းခရီးတွင် မမျှော်လင့်သောကြန့်ကြာမှု၊ ပိတ်ဆို့မှုများ လျော့နည်းပြီး မြန်ဆန်စွာသယ်ယူပို့ဆောင်ပေးနိုင်ခြင်း၊ သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ် လျော့နည်းခြင်း၊ နိုင်ငံတော်နှင့် သွင်းကုန်ပို့ကုန်လုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ အားလုံးအတွက် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါသည်။

ယခုအခါတွင် နိုင်ငံတကာတွင် Container ရှားပါးမှုများ ကြုံတွေ့နေရပြီး မြန်မာနိုင်ငံတွင်လည်း Normal Sea Trade ဖြင့် တင်ပို့ရာတွင် Container များ ရှားပါးခြင်းများ ကြုံတွေ့နေရပါသည်။

ကုန်သေတ္တာများကို Import တွင် သယ်ယူလာခြင်းကြောင့် လက်ရှိ ရန်ကုန်ဆိပ်ကမ်းများနှင့် သင်္ဘောလိုင်းများတွင် ကြုံတွေ့နေရသော ကုန်သေတ္တာ ရှားပါးမှုအခက်အခဲကို ကူညီဖြေရှင်းပေးနေပြီ ဖြစ်ပါသည်။

ထို့ပြင် Import Trade မှ သဘော်ာကုန်ကျစရိတ်အား တစ်စိတ်တစ်ဒေသ ကာမိသောကြောင့် Export Trade တွင် ဈေးကွက်ပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်သောကြောင့် မိမိတို့နိုင်ငံ၏ Exporter များအနေဖြင့် Logistics ကုန်ကျစရိတ်များသက်သာကာ အကျိုးကျေးဇူးများ ရရှိနေပြီဖြစ်ပါသည်။

## Ever Flow River Trading Co., Ltd. (E.F.R Trading)

E.F.R မှ အပြည့်အဝပိုင်ဆိုင်သည့် Ever Flow River Trading Co., Ltd. သည် ပြည်ပနိုင်ငံများနှင့်ချိတ်ဆက်ပြီး ပို့ကုန်သွင်းကုန်လုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ လက်ရှိတွင် ပြည်ပမှ စက်မှုလုပ်ငန်းနှင့် ဆက်စပ်ကုန်ပစ္စည်းများကို တင်သွင်းပြီး မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချလျှက်ရှိပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံရှိ ဆန်စက်အများစုတွင် E.F.R အမှတ်တံဆိပ် ဆန်စက်ရိုလာများအသုံးပြု၍ စပါးကျိတ်ခွဲနှုန်း ပိုမိုတိုးတက်ကောင်းမွန်လာစေရန် စဉ်ဆက်မပြတ် တင်သွင်းရောင်းချပေးလျှက်ရှိပါသည်။

ထို့ပြင် နိုင်ငံတကာ ပို့ကုန်သွင်းကုန် ကုန်သွယ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ EFR မှလုပ်ဆောင်လျှက်ရှိသော ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှု (Logistics Services)များသာမက လက်ရှိ ပို့ကုန်သွင်းကုန် မူဝါဒများနှင့်အညီ ဖောက်သည်များ၏ကိုယ်စား ကုန်ပစ္စည်းများကို တင်သွင်းခြင်း၊ တင်ပို့ခြင်းနှင့် ကုန်သွယ်ခြင်းတို့အတွက် အလုံးစုံ တာဝန်ယူပေးခြင်းများအား လုပ်ဆောင်ပေးနေသော လုပ်ငန်းဖြစ်ပါသည်။ သွင်းကုန်နှင့် ပို့ကုန်လုပ်ငန်း နှစ်ခုစလုံးအတွက် အကောင်းဆုံး အရည်အသွေးရှိသည့် ကုန်သွယ်ရေးဝန်ဆောင်မှုများ ပေးရန် သန္နိဋ္ဌာန်ချထားသည့် ကုမ္ပဏီလည်းဖြစ်ပါသည်။

## MRTW Manufacturing & Inspection Co., Ltd. (ECHO Inspection Center)

E.F.R ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် MRTW Manufacturing & Inspection Co., Ltd. သည် ၂၀၁၁ ခုနှစ်တွင် ပထမဆုံး မြန်မာနိုင်ငံသားပိုင် အထည်စစ်ဆေးရေးလုပ်ငန်း (Garment Inspection Center) အဖြစ် စတင်တည်ထောင်ခဲ့ပြီး ဂျပန်နိုင်ငံ၏ Technical နှင့် Inspection Standard များနှင့်အညီ လေ့ကျင့်ထားပြီး ကောင်းမွန်သော အရည်အသွေး၊ စိတ်ချရသော အာမခံချက်များဖြင့် ဆောင်ရွက်နေသည့် သက်တမ်း(၁၃)နှစ်ကျော်ရှိသောလုပ်ငန်း ဖြစ်ပါသည်။ လက်ရှိတွင် Echo Center 1 (လှိုင်သာယာ)၊ Echo Center 2 (သန်လျင်)၊ Echo Center 3 (ပဲခူး) စသောနေရာများတွင် Center အခွဲများ ဖွင့်လှစ်လုပ်ကိုင်နေသည့်အပြင် Customer များ လိုအပ်ချက်အရ စက်ရုံအရောက် Outdoor Inspection Team များလည်း ဖွဲ့စည်းပြီး ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ကျွန်ုပ်တို့၏ Mission မှာ နိုင်ငံတကာတွင်ရောင်းချမည့် "Made-in-Myanmar" အထည်များ၏ ချုပ်လုပ်မှုအရည်အသွေးများကို International Buyer များ လိုအပ်သည့် Standard နှင့်အညီ Inspection Processes များအား တိကျမှန်ကန်စွာဖြင့် စစ်ဆေးတင်ပို့ပေးရန် ဖြစ်ပါသည်။ Inspection Service အပြင် Needle Inspection, HandTag Hanging, Assortment, Polybag Packaging, Barcode Scanning, Container Stuffing အစရှိသည့် အခြားသော ဝန်ဆောင်မှုများအားလည်း Customer/Buyer များ လိုအပ်ချက်အရ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

"ECHO Inspection Center" ၏ အဓိကရည်မှန်းချက်သည် Qualified Garment Product များ ရရှိလာစေရေးအတွက် Quality Assurance Processes များကို Customer တစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့်အညီ စိတ်တိုင်းကျ တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် Cut-Make-Pack (CMP) လုပ်ငန်း ထွန်းကားလာနေသည့်အပေါ် အခွင့်အလမ်းတစ်ရပ်အဖြစ်

အရင်းပြုကာ လိုအပ်လာသည့် အထည်အရည်အသွေးစစ်ဆေးရေး ဝန်ဆောင်မှုများကို အလျင်မီစေရန် MRTW Manufacturing & Inspection Co., Ltd. ကို တည်ထောင်ခဲ့ပြီး ထိုသို့လုပ်ဆောင်ခြင်းဖြင့် အထည်ချုပ်လုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်လာမှုကို အကျိုးပြုပေးနိုင်ခဲ့ပါသည်။

## Multipack Engineering Services Limited (MES)

Multipack Engineering Services Limited (MES) သည် E.F.R Group Public Co., Ltd. ၏ လုပ်ငန်းခွဲတစ်ခုအဖြစ် မြန်မာနိုင်ငံတစ်ဝန်းရှိ Customer များအား စိတ်ချရပြီး အရည်အသွေးမြင့် ဝန်ဆောင်မှုများကိုပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသော ကုမ္ပဏီ တစ်ခုဖြစ်ပါသည်။ MES သည် သယ်ယူပို့ဆောင်ရေးနှင့်ဆိုင်သော ဝန်ဆောင်မှုများဖြစ်သော ကုန်သေတ္တာတင်ယာဉ် ငှားရမ်းခြင်း၊ ပစ္စည်းများကို လုံခြုံစွာပို့ဆောင်ပေးခြင်း၊ ဆိပ်ကမ်းအတွင်း Stevedoring Labor Services နှင့် CFS Bounded Warehouse လုပ်ငန်းများ စီမံဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ ထို့ပြင် အင်ဂျင်နီယာနယ်ပယ်တွင်လည်း အခြေခံအဆောက်အဦးများ၊ အထပ်မြင့်အဆောက်အဦးများ၊ လမ်းဖောက်လုပ်ခြင်း၊ မြေညှိခြင်း၊ Garment-on-Hanger စနစ်များ၊ Telecom စီမံချက်များ အပါအဝင် စီမံကိန်းများကို ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို ကျွမ်းကျင်စွာ လုပ်ဆောင်ပေးနိုင်ပါသည်။ စီမံကိန်း၏ ဖြစ်နိုင်ခြေလေ့လာရေး (Feasibility Study)၊ စနစ်တကျဒီဇိုင်းပြုလုပ်ခြင်း၊ စီမံကိန်းစီမံခန့်ခွဲမှုနှင့် အကြံပေးဝန်ဆောင်မှု များကိုလည်း အထောက်အပံ့ပေးလျက်ရှိပါသည်။ MES ၏ အဓိကရည်ရွယ်ချက်မှာ Customer တစ်ဦးချင်းစီ၏ လိုအပ်ချက်များကို အမြန်ဆုံးနှင့် အထိရောက်ဆုံး ဖြေရှင်းပေးကာ စံနှုန်းမီဝန်ဆောင်မှုများဖြင့် ယုံကြည်မှုရှိစေရန်ဖြစ်ပါသည်။ ဤသို့သော လုပ်ငန်း အတွေ့အကြုံနှင့် Customer များအား ဦးစားပေးခြင်း၊ စိတ်ကျေနပ်မှုပေးနိုင်ခြင်းတို့ကြောင့် MES သည် မြန်မာနိုင်ငံ၏ စီးပွားရေး လုပ်ငန်းကြီးများအတွက် အားကိုးရသော စီးပွားရေး မိတ်ဖက်တစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။

## Ever Flow River Logistics and Distribution Center (Mandalay) Co., Ltd. (E.F.R LDC Mdy)

Ever Flow River Logistics and Distribution Center (Mandalay) Co.,Ltd. (E.F.R LDC Mdy) သည် E.F.R Group အောက်ရှိ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဖြန့်ချိရေးဆိုင်ရာ ဝန်ဆောင်မှုပေးမည့် အခြေခံအဆောက်အအုံ စီမံကိန်း ကုမ္ပဏီ တစ်ခုဖြစ်ပါသည်။ E.F.R Group သည် ပင်လယ်ဆိပ်ကမ်းသို့ ကားလမ်း သို့မဟုတ် ရထားလမ်းဖြင့် တိုက်ရိုက်ဆက်သွယ်ထားသည့် ထောက်ပံ့ပို့ဆောင်ရေးနှင့် ဖြန့်ဝေရေးစင်တာတစ်ခုကို တည်ဆောက်ရန် မြေငှားစာချုပ်ကို ချုပ်ဆိုထားပါသည်။ ၂၀၁၈ ခုနှစ်မှ စတင်၍ MIC ပါမစ်ရရှိပြီးနောက် E.F.R LDC Mdy သည် Phase I တည်ဆောက်မှုကို စတင်ခဲ့ပြီး ရုံး၏ အထွေထွေနှင့် စီမံခန့်ခွဲရေး စရိတ်များကို ကာမိစေရန်အတွက် ပြင်ပဝန်ဆောင်မှုပေးနေသူများနှင့် လုပ်ငန်းမဟာမိတ်များအလိုက် 4PL ဝန်ဆောင်မှုများကို ပေးဆောင်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် E.F.R LDC Mdy သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ စီးပွားဖြစ် ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး ကုန်စည်ပို့ဆောင်ခြင်း၊ အကောက်ခွန်ရှင်းလင်းခြင်း၊ ကုန်ပစ္စည်းသိုလှောင်ခြင်း၊ ခရီးတိုနှင့် ခရီးဝေးကုန်ကားဖြင့် ပို့ဆောင်မှုနှစ်မျိုးစလုံးအပါအဝင် ဘက်စုံပါဝင်သော ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ပေးခြင်းကို စတင်ခဲ့သည်။ ကျွန်ုပ်တို့၏ဝန်ဆောင်မှုများသည် ပြည်တွင်းနှင့် ပြည်ပ ဝန်ဆောင်မှုနှစ်မျိုးစလုံးအတွက် လုပ်ဆောင်ပြီး စိုက်ပျိုးရေးထုတ်ကုန်များ၊ အဝတ်အထည်များ၊ ဆေးဝါးများနှင့် ရာသီအလိုက်ကုန်စည်များကို အဓိကထား၍ဝန်ဆောင်မှုပေးခဲ့ပါသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်းဖောက်သည်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အရောင်းသွက် သုံးကုန်ပစ္စည်းများအတွက် အိမ်တိုင်ရာရောက်ပို့ဆောင်ရေး ဝန်ဆောင်မှုများကိုလည်း တိုးချဲ့လုပ်ကိုင်လျက်ရှိပါသည်။ ထို့ပြင် မိမိတို့နှင့် အကျိုးတူလုပ်ကိုင်လျက်ရှိသော သင်္ဘောလိုင်းများနှင့် အခြား

ပြင်ပသင်္ဘောလိုင်းများအတွက် ရန်ကုန်တွင် ကုန်သေတ္တာအခွံ သိုလှောင်ခြင်း၊ ကုန်သေတ္တာအခွံ အတင်အချဝန်ဆောင်မှုများနှင့် ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုများကိုပေးသော ကုန်သေတ္တာစခန်းတစ်ခု၏ ဈေးကွက်ရှာဖွေရေး ဝန်ဆောင်မှုကိုလည်း လုပ်ဆောင်လျက်ရှိပါသည်။ အတွေ့အကြုံပြည့်ဝပြီး အသိပညာရှိသော ဝန်ထမ်းများနှင့် အဆင့်အမြင့်ဆုံး ပစ္စည်းပစ္စယ အထောက်အပံ့များဖြင့် E.F.R LDC Mdy သည် အရည်အသွေးအမြင့်မားဆုံးနှင့် ယုံကြည်စိတ်အချရဆုံး ဝန်ဆောင်မှုပေးရန်အတွက် စူးစိုက်လုပ်ကိုင်ပါသည်။

## Eravati Myanmar Co., Ltd.

Eravati Myanmar Co., Ltd. အား မြန်မာနိုင်ငံ၏ ထိပ်တန်းပို့ကုန်ဖြစ်သော ရော်ဘာပို့ကုန်လုပ်ငန်း လုပ်ကိုင်ရန် ရည်ရွယ်၍ တည်ထောင်ခဲ့ပါသည်။ 'ရော်ဘာထုတ်ကုန်များ' လည်ပတ်မှုနယ်ပယ်တွင် ကုန်သွယ်မှုချဲ့ထွင်နိုင်ရန်အတွက် မွန်၊ ကရင်၊ တနင်္သာရီ စသည့် ပြည်တွင်းဈေးကွက်များမှ ရော်ဘာအမျိုးအစား အမျိုးမျိုးကို ဝယ်ယူကာ နိုင်ငံတကာ ဝယ်လက်များထံ တင်ပို့ရောင်းချခဲ့ပါသည်။ ကမ္ဘာ့ရော်ဘာဈေးကွက်၌ များပြားလာသော ဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ ရော်ဘာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်လုပ်ငန်း တိုးချဲ့နိုင်ရေးအတွက် ရည်မှန်းချက်ထားရှိပါသည်။ ဤရည်မှန်းချက်သည် မြန်မာနိုင်ငံတွင် ခိုင်မာမှုရှိသော ရော်ဘာလုပ်ငန်းတစ်ခုကို အချိန်ယူထူထောင်ရန် မဟာဗျူဟာမြောက် ရည်မှန်းချက်ဖြစ်ပြီး အခြားကဏ္ဍများတွင်လည်း ကွဲပြားသော အခွင့်အလမ်းများကို ရယူနိုင်ရန် ကြိုးစားလုပ်ကိုင်သွားမည်ဖြစ်ပါသည်။

## Myanmar Elite Logistics Co., Ltd. (MEL)

Myanmar Elite Logistics Co., Ltd. (MEL) ကို ၂၀၁၉ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး၊ Ever Flow River Group ၏ လက်အောက်ရှိ ကုမ္ပဏီတစ်ခုအဖြစ် လုပ်ငန်းစတင်ခဲ့ပါသည်။ MEL သည် မြန်မာနိုင်ငံအတွင်း အထူးသဖြင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် ဝန်ဆောင်မှုများကို စနစ်တကျပေးအပ်နိုင်ရန် ရည်ရွယ်ကာ စီမံခန့်ခွဲခြင်းလုပ်ငန်းများတွင် ကျွမ်းကျင်ထက်မြက်သော လူများဖြင့် ဖွဲ့စည်းထားပါသည်။

၂၀၂၂ ခုနှစ်မှစ၍ MEL သည် နိုင်ငံတကာတွင်လည်း နိုင်ငံအလိုက် ဖောက်သည်များအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာပြီး၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများအတွက် Logistics ဝန်ဆောင်မှု အမျိုးမျိုးကို သက်ဆိုင်ရာလိုအပ်ချက်နှင့်အညီ ပေးဆောင်နိုင်အောင် ပြုပြင်ပြောင်းလဲ တိုးတက်လာပါသည်။

MEL သည် တန်ဖိုးရှိသော ဖောက်သည်များကို အချိန်မှန်တုံ့ပြန်မှု၊ သေချာပြည့်စုံမှုနှင့် တာဝန်ယူမှုရှိသော ဝန်ဆောင်မှုဖြင့် ထောက်ပံ့နိုင်ရန်အတွက် ယုံကြည်အားထားခြင်းခံရသည့် ကောင်းမွန်သော အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နေသည်။ ထို့ပြင် MEL သည် မြန်မာအပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ပင်လယ်ဆိပ်ကမ်း၊ ကုန်းလမ်း၊ လေဆိပ်နှင့် ကုန်ထုတ်လုပ်သူများအကြား ဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေခံထားသော ပံ့ပိုးမှု ကောင်းမွန်သော ဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိပါသေးသည်။

## Our Core Services:

- **Customs Clearance Services**
  - အတွေ့အကြုံရှိ လုပ်ငန်းကျွမ်းကျင်သည့် ဝန်ထမ်းများဖြင့် စုစည်းတည်ထောင်ထားသည့် ကုမ္ပဏီတစ်ခုဖြစ်သည့်အပြင်၊ Owned Customs Clearance Team ရှိသည့် ကုမ္ပဏီအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။




- **Freight Forwarding (Air, Sea)**
  - နိုင်ငံတကာမှ အတွေ့အကြုံရှိသည့် MLO (Container/General Cargo), NVOCC များနှင့် ချိတ်ဆက်၍ မြန်မာနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းဖြင့် ပို့ဆောင်ရေးကဏ္ဍအား စနစ်တကျ လုပ်ငန်း စီမံဆောင်ရွက်နေသည့် ကုမ္ပဏီအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။






- **Cross Border Transportation**
    - တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ နယ်စပ်ကုန်သွယ်ရေးဂိတ်များမှ မြန်မာနိုင်ငံသို့ ကုန်လမ်းမှတစ်ဆင့် အကောက်ခွန်ရှင်းလင်းခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား လက်ရှိ အောင်မြင်စွာ အချိန်တိုအတွင်း ပို့ဆောင်ပေးနေသည့် ကုမ္ပဏီအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။






    - ထိုင်းနိုင်ငံ ရနောင်းမှတစ်ဆင့် ကော့သောင်း၊ ရန်ကုန် ခရီးစဉ်အား ကွန်တိန်နာသင်္ဘောဖြင့် ပုံမှန်အချိန်ဇယားသတ်မှတ်၍ တစ်လ နှစ်ခေါက်နှုန်း (သွား၊ ပြန်) ပုံမှန်ပြေးဆွဲပေးနေသည့် ကုမ္ပဏီအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

Yangon - Kawthaung - Ranong Containerize Service



- **Ship Husbanding Services**
    - . . . သင်္ဘောလိုင်း၏ လက်ရှိတရားဝင် ရန်ကုန်အေးဂျင့်တစ်ဦးဖြစ်ပြီး သင်္ဘော ဆိပ်ကမ်းကပ်ခွင့်တောင်းခံခြင်း၊ ရန်ကုန်ဆိပ်ကမ်း ကုန်တင်/ချလုပ်ငန်းများ လျင်မြန် သွက်လက်စေရေး အခက်အခဲမရှိ ကျွမ်းကျင်စွာ စီမံဆောင်ရွက်ပေးနေသည့် ကုမ္ပဏီ အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

- **Specialized Cargo Handling**
    - ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နေသည့် ကုမ္ပဏီကြီးများသို့ Logistics Services နှင့် အခြားဝန်ဆောင်မှုလုပ်ငန်များ ပေးနေသည့် ကုမ္ပဏီ အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။
    - Project Cargoes များအား သတ်မှတ် စီမံကိန်းဧရိယာများအထိ အထူးယန္တရားနှင့် ယာဉ်များအသုံးပြု၍ လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်ပေးခဲ့သည့် ရလာဒ်ကောင်းများရှိသည့် ကုမ္ပဏီအဖွဲ့အစည်းတစ်ခု လည်းဖြစ်ပါသည်။

Project Cargo Handling Gallery



တိုးတက်ပြောင်းလဲလာသော စီးပွားရေးအခြေအနေအရ MEL သည် ထိရောက်မှုမြင့်မားသော IT Technologies နည်းပညာအသစ်များနှင့် ပတ်သက်၍လည်း လုပ်ငန်းနယ်ပယ်စုံမှ အထူးကျွမ်းကျင်မှုရှိသည့် ကုမ္ပဏီများ၊ မိတ်ဖက်များနှင့် ပူးပေါင်းကာ ERP စနစ်များ (Enterprise Resource Planning systems) နှင့် CRM စနစ်များ (Customer Relationship Management systems) စသည့် ဖောက်သည်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် စနစ်တကျသုံးနိုင်အောင် တိုးတက်ပြုပြင် ဆောင်ရွက်လျက်ရှိပါသည်။

King Freight,  EAA Network နှင့် SeaJet Logistics Network တို့ဖြစ်သည့် နိုင်ငံတကာ International Logistics Networks များတွင် ထိရောက်စွာ ပါဝင်နိုင်မှုအပေါ် အခြေခံ၍ MEL သည် နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေး ကွင်းဆက်လုပ်ငန်းများ (International Logistics & Supply Chain Industries) တွင်လည်း မျှတစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှုရှိပြီး၊ မြန်မာမှတစ်ဆင့် အရှေ့တောင်အာရှ (ASEAN)၊ GMS၊ တောင်အာရှ (BIMSTEC) နယ်မြေများကဲ့သို့သော နိုင်ငံတကာရှိ ဖောက်သည်များ၊ မိတ်ဖက်များ၏ လိုအပ်သည့်နေရာများသို့ ကုန်စည်များအား သတ်မှတ်အချိန် တိကျမှန်ကန်မှု၊ အဆင်ပြေချောမွေ့လုံခြုံမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝဖြင့် တင်ပို့ပေးနိုင်သော စွမ်းဆောင်ရည်ရှိနေပါသည်။

ထိုသို့ MEL အနေဖြင့် Logistics နှင့်ပတ်သက်သော ဝန်ဆောင်မှုလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ဝန်ဆောင်မှုပေးလျှက်ရှိပြီး လုပ်ငန်းများကိုလည်း တစ်နှစ်ထက်တစ်နှစ် လျှင်မြန်စွာဖြင့် အောင်မြင်စွာ ဝန်ဆောင်မှုပေးလျက်ရှိသည်။ Logistics Industry တွင် Market share များ တိုးတက်ရရှိနေပါသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစတင်၍ MEL သည် Logistics ဝန်ဆောင်မှုများအပြင် Express/ Courier Services License ကို Myanmar Post (မြန်မာ့စာတိုက်လုပ်ငန်း)မှ လိုင်စင်ရရှိခဲ့ပါသည်။ ယင်းလုပ်ငန်းများအား ထပ်ဆင့်ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ဂျပန်နိုင်ငံရှိ SAGAWA Express Services လုပ်ငန်းစုနှင့်ချိတ်ဆက်ဆောင်ရွက်လျက်ရှိနေပါသည်။ ထို Express Services ၏ လုပ်ငန်းလိုအပ်ချက်အရ အကောက်အခွန် သိုလှောင်ရုံ

(Bonded Warehouse) ကိုလဲ အကောက်အခွန်၏လိုအပ်ချက်၊ လုပ်ထုံးလုပ်နည်းများအရ စစ်ဆေးပြီးစီးဆောင်ရွက်လျှက်ရှိပြီး အကောက်အခွန်သိုလှောင်ရုံ (Customs Bonded Warehouse) လိုင်စင် CR 126 ရရှိအောင် ဆောင်ရွက်လျှက်ရှိပါသည်။ ထိုသို့ Bonded Warehouse ရရှိပြီးပါက ပြည်တွင်းပြည်ပ အမြန်အချောပို့လုပ်ငန်းများအား (Express/Courier Services) များကို အတွေ့အကြုံပြည့်ဝသော Management များနှင့် ဝန်ထမ်းများက တွင်တွင်ကျယ်ကျယ် ဝန်ဆောင်မှုပေးဖို့ အသင့်ရှိနေပါသည်။



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့စာတိုက်လုပ်ငန်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၂၃/၂၀၂၄)အရ
အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်း
ကို မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ
(Registered Service Provider) အဖြစ်
Myanmar Elite Logistics Co., Ltd.
အား
၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၂) ရက်နေ့ မှ
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့ အထိ
တရားဝင်လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

ခမ်းအောင်
ဦးဆောင်ညွှန်ကြားရေးမှူး

နေရာ ။ နေပြည်တော်
ရက်စွဲ ။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့စာတိုက်လုပ်ငန်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၁၄/၂၀၂၄)အရ
ပြည်တွင်းအမြန်ချောပို့လုပ်ငန်း
ကို မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ
(Registered Service Provider) အဖြစ်
Myanmar Elite Logistics Co., Ltd.
အား
၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၂) ရက်နေ့ မှ
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့ အထိ
တရားဝင်လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

ခမ်းအောင်
ဦးဆောင်ညွှန်ကြားရေးမှူး

နေရာ ။ နေပြည်တော်
ရက်စွဲ ။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်



ထို့ပြင် ဖောက်သည်များ ပိုမိုယုံကြည် ရင်နှီးအားထားလာစေနိုင်ရန်နှင့် ဝန်ဆောင်မှုများအား ထိရောက်စွာ ပေးအပ်နိုင်စေရေးအတွက် MEL သည် အမြဲတမ်း စီးပွားရေး အလားအလာကောင်းများ၊ ကုန်သွယ်ရေးလမ်းကြောင်းသစ်များ၊ သယ်ယူပို့ဆောင်ရေး နည်းလမ်းအသစ်များအားလုံးကို လေ့လာဆန်းစစ်ကာ ထိရောက်သော ဝန်ဆောင်မှုတစ်ခုအဖြစ် ဖော်ဆောင်နိုင်ရန် ကြိုးပမ်းနေပါသည်။

MEL ၏ရည်မှန်းချက်မှာ မြန်မာနိုင်ငံမှ မြန်ဆန်၊ တိကျ၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိသည့် ပြီးပြည့်စုံသော ဘက်စုံ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများကို ပြည်တွင်းနှင့် နိုင်ငံတကာရှိ ဖောက်သည်များသို့ စနစ်တကျဖြင့် အထူးယုံကြည်ပေးအပ်နိုင်သော Logistics Solutions Service Provider တစ်ခုအဖြစ် ဖြစ်ပေါ်လာစေရန် ရည်မှန်းသတ်မှတ်ထားပါသည်။

# BOARD OF DIRECTORS



**Mr Kyaw Lwin Oo**
Executive Chairman

ဦးကျော်လွင်ဦးသည် မိမိ၏ Logistics လုပ်ငန်းဘဝကို Myanmar Container Line (MCL)၏ Operations Manager အဖြစ်စတင်ခဲ့ပါသည်။ Myanmar Container Line သည် မြန်မာနိုင်ငံ၏ပထမဦးဆုံးသော Containerized Feeder Carrier တစ်ခုဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၅ ခုနှစ်အထိ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား ပုံမှန် ကုန်စည်ပို့ဆောင်ခဲ့ပါသည်။ ကျယ်ပြန့်လှသည့် သင်္ဘောဖြင့် ကုန်ပစ္စည်းပို့ဆောင်ခြင်းဆိုင်ရာ အသိအမြင်ကို ဤလုပ်ငန်းမှ သင်ယူတတ်မြောက်လာပြီးနောက် ဦးကျော်လွင်ဦးသည် Ever Flow River Forwarding & General Services Co., Ltd. ကို ၁၉၉၈ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ဦးကျော်လွင်ဦးသည် မိမိ၏စွန့်ဦးတီထွင်လိုစိတ်နှင့် ခေါင်းဆောင်နိုင်မှုတို့ဖြင့် ကမ္ဘာ့အဆင့်မီ Container Carriers နှင့် International Freight Forwarders များကို ကိုယ်စားပြုသည့် ကြီးမားကျယ်ပြန့်လှသည့် Shipping Agencies ကွန်ရက်ကို တည်ထောင်ခဲ့သည်။ ဦးကျော်လွင်ဦး၏ ခိုင်မာသောယုံကြည်ချက်မှာ လက်ရှိအနေအထားထက်ကျော်လွန်၍ ဈေးကွက်နှင့် ထုတ်ကုန်သစ်များဖြင့် စီးပွားရေးလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်စေနိုင်သည် ဆိုသည့်အချက်ပင်ဖြစ်သည်။ ယင်းယုံကြည်မှုဖြင့်ပင် Supply-chain Logistics လုပ်ငန်းရှိ အခြားသော ဝန်ဆောင်မှုလုပ်ငန်းများသို့ ဝင်ရောက်နိုင်ခဲ့သည်။ ဦးကျော်လွင်ဦးသည် ငွေဆောင်ဟိုတယ်ဇုန်ရှိ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များ အသင်း၏ ဥက္ကဋ္ဌဖြစ်သကဲ့သို့ Myanmar Mercantile Maritime Development Association (MMMDA)၏ အကြံပေးအဖြစ်သော်လည်းကောင်း၊ Myanmar International Freight Forwarders Association (MIFFA)၏ ဒုဥက္ကဋ္ဌအဖြစ်သော်လည်းကောင်း ဆောင်ရွက်လျှက်ရှိသည်။ ထို့ပြင် သူသည် Myanmar Customs Broker Association (MCBA)ကို တည်ထောင်သူတစ်ဦးလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၏ အခွင့်အလမ်းများကို အရယူ၍ မြန်မာနိုင်ငံ၏ Logistics Infrastructure ကို နိုင်ငံတော်အဆင့် တိုးတက်စေရန် စီမံချက်ချခဲ့သည်။ ယင်းစီမံချက်အတွက် နိုင်ငံတော်၏ ထိပ်ပိုင်းခေါင်းဆောင်များထံမှ အတည်ပြုချက်ကို ရယူခဲ့သည်။ ယင်းသည် အလားအလာအလွန်ကောင်းသည့် အစီအစဉ်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံအနေဖြင့် Transportation နှင့် Logistics ကဏ္ဍများတို့တွင် တချို့သော အိမ်နီးချင်းနိုင်ငံတို့ကို ရင်ဘောင်တန်းနိုင်လာမည်ဖြစ်သည်။



**Mr Maung Maung Oo**
Executive Vice-Chairman

ဦးမောင်မောင်ဦး သည် E.F.R Group of Companies ၏ ဒုတိယဥက္ကဋ္ဌ ဖြစ်ပါသည်။ ဦးမောင်မောင်ဦးသည် ရန်ကုန်တက္ကသိုလ်မှ Bachelor of Science ဘွဲ့ရရှိထားသူတစ်ဦးဖြစ်ပြီး ၂၀၀၂ ခုနှစ်တွင် International Business Finance and Financial Management Course Certificate ကိုလည်းကောင်း၊ Diploma in Maritime Law ကို ၂၀၀၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှလည်းကောင်း၊ Certificate in Multimodal Transport ကို MIFFA & AFFA မှလည်းကောင်း ရယူပိုင်ဆိုင်ထားသူဖြစ်သည်။ ၁၉၉၆ ခုနှစ်တွင် E.F.R Freight Forwarding & General Services Co., Ltd. သို့ Marketing Manager အဖြစ်ဝင်ရောက်၍ လုပ်ငန်းဘဝကိုစတင်ခဲ့သည်။ ၂၀၀၁ ခုနှစ် ဧပြီလမှ ၂၀၀၇ ခုနှစ်အထိ World Class Container Carrier နှင့် Shipping agency တို့၏ General Manager အဖြစ် တာဝန်ယူခဲ့သည်။ သူ၏ဘဝတစ်လျှောက် ရရှိခဲ့သည် လုပ်ငန်းဆိုင်ရာအသိပညာနှင့် အဆင့်ဆင့်သော စီမံခန့်ခွဲရေး အတတ်ပညာတို့ဖြင့် လက်ရှိအချိန်တွင် ဦးမောင်မောင်ဦးသည် E.F.R Group of Companies ၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျှက်ရှိသည်။ ထို့ပြင် သူသည် Myanmar International Freight Forwarders Association (MIFFA)၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးလည်းဖြစ်ပါသည်။

# BOARD OF DIRECTORS



**Mr Than Aung**
Executive Director

ဦးသန်းအောင်သည် ၁၉၉၇ ခုနှစ် အဝေးသင်တက္ကသိုလ်(ရန်ကုန်)တွင် ရုက္ခဗေဒ အထူးပြုဘာသာ B.Sc (Botany) Qualified ဖြင့်ဘွဲ့ရရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ထိုင်းနိုင်ငံရှိ University of Thai Chamber of Commerce (UTCC) မှ M.B.A (စီးပွားရေး၊ စီမံခန့်ခွဲမှုမဟာဘွဲ့)ကို ထပ်မံရရှိခဲ့ပါသည်။ လုပ်ငန်းပိုင်းဆိုင်ရာ အတွေ့အကြုံများမှာ ၁၉၉၂ ခုနှစ်တွင် အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာ လုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး၊ ၁၉၉၃ ခုနှစ်တွင် အကောက်အခွန် ဦးစီးဌာနမှဖွင့်လှစ်သော (၇/၉၃) အကောက်အခွန်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ကိုရရှိခဲ့ပါသည်။ ထို့နောက် ၁၉၉၄ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ Phee International Company တွင် Logistics Supervisor အဖြစ်လုပ်ကိုင်ပြီး EFR "Ever Flow River Forwarding & General Services Co., Ltd" တွင် Assistant Manager အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး Shipping Line, Forwarding, Logistics Services နှင့် Project Cargo များကို ထိထိရောက်ရောက်လုပ်ကိုင် ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၀၀ ပြည့်နှစ်တွင် ယင်းသို့ လုပ်ကိုင်ဆောင်ရွက်မှုကြောင့် Deputy General Manager ရာထူးကို တိုးမြှင့်ခံခဲ့ရပြီး၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၂ ခုနှစ်အထိ General Manager ရာထူးဖြင့် ထပ်မံတိုးမြှင့်ခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်တွင် Director ဖြစ်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် FIATA မှ သင်ပြခဲ့သော Training of Trainer for Diploma Course ကို တက်ရောက်အောင်မြင်ခဲ့ပြီး၊ ၂၀၁၉ ခုနှစ်၌ MIFFA အသင်းကြီးမှာ မြန်မာနိုင်ငံ ကုန်စည်ပို့ဆောင်မှုဝန်ဆောင်မှုများအသင်းတွင် Executive Committee Member အဖြစ် ယခုအချိန်အထိ ဝင်ရောက်လုပ်ကိုင်လျက်ရှိနေပါသည်။ ယင်း MIFFA အသင်းကြီးမှ ဖွင့်လှစ်သော Forwarding နှင့် Logistics ဆိုင်ရာ FIATA နှင့် ALI သင်တန်းများတွင် သင်တန်း ဝင်ရောက်ပို့ချပေးလျက်ရှိပါသည်။



**Mrs Khin Sone**
Executive Director

ဒေါ်ခင်ဆုံသည် E.F.R Group ၏ Finance Director ဖြစ်ပါသည်။ သူမသည် B.Sc.(Mathematics)ဘွဲ့ကို ၁၉၉၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။ သူမသည် Dip in Chinese ကို University of Foreign Languages မှလည်းကောင်း၊ Dip in Business Law ကို ရန်ကုန်တက္ကသိုလ်မှလည်းကောင်း ရရှိထားသူလည်းဖြစ်သည်။ ဒေါ်ခင်ဆုံသည် Basic Diplomatic Course ကို အောင်မြင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ အပ်နှင်းသည့် Certificate ကိုရရှိခဲ့ပြီး LCCI (level I, II and III)ကိုလည်း ၂၀၀၃ ခုနှစ်တွင် ပြီးမြောက်အောင်မြင်ခဲ့သည်။ သူမသည် ယခုအခါတွင် Banking and Finance ဆိုင်ရာ Master's Degree ကို University of Economics မှ ရရှိထားပါသည်။ ဘွဲ့ရပြီးနောက် သူမသည် Eagle Group of Companies တွင် Executive နှင့် Chief Accountant အဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ လုပ်ကိုင်ခဲ့သည်။ ထို့နောက် E.F.R Group သို့ Shipping Lines တစ်ခု၏ Marketing Executive အဖြစ် စတင်ဝင်ရောက်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အတွင်း Gold Shipping Agency Services Ltd တွင်တာဝန်ထမ်းဆောင်ခဲ့သည်။ လုပ်ငန်းအတွင်း အပြည့်အဝ နှစ်မြှုပ်လုပ်ဆောင်ခဲ့ရာ Deputy Managing Director အထိ ရာထူးအဆင့်ဆင့် တိုးမြှင့်ပေးခြင်းခံခဲ့ရသည်။ ၂၀၁၂ ခုနှစ်မှ လက်ရှိအချိန်အထိ E.F.R Group တွင် Chief Finance Officer အဖြစ် တာဝန်ယူလျက်ရှိသည်။ သူမသည် Myanmar Mercantile Maritime Development Association (MMMDA)၏ အဖွဲ့ဝင်တစ်ဦးဖြစ်၍ Myanmar International Freight Forwarders Association (MIFFA) တွင်လည်း Board အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။

# BOARD OF DIRECTORS



**Mr Than Aaung**
Independent Director

ဦးသန်းအောင်ဟာ Accounting, Finance နှင့် Private Equity Investment နယ်ပယ်များတွင် နှစ်ပေါင်း (၂၅)နှစ်ကျော် အတွေ့အကြုံရှိပြီး၊ ပြည်တွင်းပြည်ပ ကုမ္ပဏီပေါင်းများစွာအား Corporate Finance, Investment Advisory, Accounting Services, M & A Advisory Services, CFO Services, Internal Audit Services, Tax Advisory Services များကို ဝန်ဆောင်မှုပေးနေသော Maximax Solution Corporate Advisory ၏ Founder and CEO ဖြစ်ပါတယ်။ Microfinance, Education, Telecom, Retail, Health Care, Food and Beverage, Hidro Power, Solar Industry အစရှိသောကဏ္ဍများ၌ Mergers & Acquisitions (M & A) အတွေ့အကြုံများစွာရှိပြီး၊ US $ 150 Million ကျော်ရှိသော Investment Deal လေးခုတွင်ပါဝင်ခဲ့ပါတယ်။

ပြည်တွင်းပြည်ပ ကုမ္ပဏီများမှ အောင်မြင်ကျော်ကြားနေသော လုပ်ငန်းရှင်များ၊ Working Executives များအား ဘဏ္ဍာရေးနှင့်သက်ဆိုင်သော Executive Education များ ပို့ချပေးနေသော မြန်မာနိုင်ငံ၏ ငွေကြေးနှင့် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးလာရေးအတွက် ထိန်းကျောင်း လမ်းညွှန်မှုပေးနေသည့် "Securities and Exchange Commission of Myanmar, #SECM" မှ အရည်အသွေးပိုင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရရှိထား သည့် Maximax Solution Executive Learning Institute ၏ Chief Capability Officer လည်းဖြစ်ပါတယ်။ သူသည် UK နိုင်ငံ CISI, ACCA တို့၏ Member ဖြစ်ပြီး MICPA ၏ Member တစ်ဦးလည်းဖြစ်ပါတယ်။



**Mr Min Sein**
Independent Director

ဦးမင်းစိန်သည် E.F.R Group of Companies ၏ Independent Director တစ်ဦးဖြစ်သည်။ သူသည် ၁၉၆၆ ခုနှစ်တွင် Bachelor of Science ဘွဲ့ရပြီးနောက် ၁၉၇၁ ခုနှစ်တွင် Registered Accountant (R.A.) တစ်ဦးလည်းဖြစ်လာခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် Higher Grade Pleader (Law) Examination ကိုအောင်မြင်၍ ၁၉၇၅ ခုနှစ်တွင် Registered Lawyer's Examination ကို အောင်မြင်ခဲ့သည်။ ဦးမင်းစိန်သည် ရှေ့နေလောကသို့ ၁၉၇၂ ခုနှစ်ကပင် ဝင်ရောက်ခဲ့၍ ၁၉၉၈ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရှေ့နေတစ်ဦးဖြစ်လာခဲ့သည်။ သူ အထူးတလည် ကျွမ်းကျင်သည့် ပညာရပ် နယ်ပယ်များမှာ Business and Corporate Law, Civil Law, Trade /Commercial Law, International Contracts, Trademark, Intellectual Property, Personal Law (Succession Law)တို့ဖြစ်ကြသည်။ သူသည် AYA Bank ၏ Independent Director နှင့် Myanmar M1 Investment Company Limited ၏ ဒါရိုက်တာလည်းဖြစ်ပါသည်။

ဦးမင်းစိန်သည် Australia Myanmar Chamber of Commerce အဖွဲ့ဝင်တစ်ဦးဖြစ်၍ U Hla Tun Hospice တွင်လည်း စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ သူ့တွင် သင်ကြားရေးဆိုင်ရာ အတွေ့အကြုံလည်းရှိပါသည်။ သူသည် အစိုးရအရာရှိများ၊ ရှေ့နေချုပ်ရုံးနှင့် Training Department တို့တွင် Commercial Law ကို ၁၉၈၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ပို့ချပေးခဲ့သည်။ CPA 24th batch တွင်လည်း အလားတူ ပို့ချခဲ့ပါသည်။

# BOARD OF DIRECTORS



**Dr Hla Theingi**
Independent Director

အဆင့်မြင့်ပညာ တတ်မြောက်၍ အတွေ့အကြုံရှိ ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်သူ Dr. Hla Theingi သည် E.F.R Group of Companies ၏ Independent Director တစ်ဦးဖြစ်သည်။ သူမသည် Bachelor of Business Administration နှင့် MBA တို့ကို ထိုင်းနိုင်ငံ Assumption University မှရရှိခဲ့၍ Ph.D ကို ထိုင်းနိုင်ငံ Asian Institute of Technology တွင် ရရှိခဲ့ပါသည်။ CFA Level 1 ကိုလည်း သူမ အောင်မြင်ခဲ့ပါသေးသည်။ သင်ကြားရေးဆိုင်ရာ အတွေ့အကြုံများအနေဖြင့် ပါမောက္ခတစ်ဦးဖြစ်သူ Dr. Hla Theingi သည် Economics, Finance and Accounting, International business, Logistics, Marketing နှင့် Research for Undergraduate, Graduate and Postgraduate Students ကဏ္ဍများတွင် ဘာသာရပ် အတော်များများကို ပို့ချခဲ့ပါသည်။ သူမသည် “Export Import Practices: ASEAN Focus” စာအုပ်ကို ၂၀၁၃ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သည်။ သူမသည် အဖွဲ့အစည်းအမျိုးမျိုး၊ ညီလာခံများနှင့် ဂျာနယ်များအတွက် Mentor, Guest Speaker, Reviewer နှင့် Editor အဖြစ် တက်ကြွစွာ ပါဝင်လုပ်ကိုင်ပါသည်။

အလားတူပင် Dr. Hla Theingi ၏ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုမှာလည်း အထင်ကြီးလေးစားဖွယ်ပင် ဖြစ်သည်။ Dr. Hla Theingi သည် လက်ရှိတွင် MADP Distributing Co., Ltd. ၏ Chief Executive Officer တစ်ဦးဖြစ်ပြီး၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့ရှိ Telecom, Trading, Agriculture, Animal Feed နှင့် Education Companies တို့၏ Advisor နှင့် Executive Coach အဖြစ် ဆောင်ရွက်လျှက်ရှိသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွင် သူမသည် Myanmar Automobile Development Public Co., Ltd. ၏ Consultant တစ်ယောက်ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ကိုယ်ပိုင် Container Transportation Business ကို နှစ်ပေါင်း ၂၀ ကျော် လုပ်ကိုင်ခဲ့သည့် အတွေ့အကြုံရှိသည်။ သူမသည် ထိုင်းနိုင်ငံ Assumption University ရှိ Martin de Tour School of Management ၏ Department of International Business Management တွင် ဒုတိယဉက္ကဋ္ဌအဖြစ် ၁၉၉၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံ Assumption University & Sd Research Support Committee အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့သည်။

လတ်တလော သူမ၏ သုတေသန၊ ဂျာနယ်နှင့် ထုတ်ဝေသည့်စာအုပ်များသည် SMEs, Trade Financing, Sustainability, International Business, Ethical Business, Technology Transfer နှင့် Technology Acceptance ဘာသာရပ်နယ်မြေများအပေါ်တွင် အလေးထားသည်။

# MANAGEMENT TEAM



**Mr Kyaw Lwin Oo**
Executive Chairman



**Mr Maung Maung Oo**
Executive Vice-Chairman



**Mr Than Aung**
Executive Director



**Mrs Khin Sone**
Executive Director

# သီးခြားလွတ်လပ်သောဒါရိုက်တာများ

သီးခြားလွတ်လပ်သော ဒါရိုက်တာတစ်ဦးသည် ၎င်းရာထူးကို ခန့်အပ်သည့်နေ့မှ ၁၂ နှစ်ကျော်ကြာအထိ ဘုတ်အဖွဲ့ဝင်အဖြစ် တာဝန် ထမ်းဆောင်နေပါက ဘုတ်အဖွဲ့သည် ယင်းအား အဘယ်ကြောင့် သီးခြားလွတ်လပ်သည်ဟု ယူဆရသည့် အကြောင်းအရင်းနှင့် ကျိုးကြောင်းဆီလျော်မှုကို ထုတ်ပြန်ကြေညာရမည်။

| သီးခြားလွတ်လပ်သော ဒါရိုက်တာများ၏အမည် | ဘုတ်အဖွဲ့သည် ယင်းအား အဘယ်ကြောင့် သီးခြားလွတ်လပ်သည်ဟု ယူဆရသည့် ကျိုးကြောင်းဖော်ပြချက် |
|---|---|
| ဦးမင်းစိန် | ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့သည့် ကာလတစ်လျှောက် အတွေ့အကြုံနှင့် ဗဟုသုတများစွာကို ရရှိခဲ့သူဖြစ်သည့်အတွက် ဥပဒေရေးရာ ကိစ္စအမျိုးမျိုးတွင် ကုမ္ပဏီကို ကူညီဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ၂၀၂၃ ခုနှစ် ဩဂုတ် ၄ ရက်မှစ၍ ခန့်အပ်ခြင်း ခံရပါသည်။ |
| ဒေါ်လှသိင်္ဂီ | အမျိုးမျိုးသော ငွေရေးကြေးရေးဆိုင်ရာ နယ်ပယ်များ၌ ကထိကအဖြစ် ဆောင်ရွက်ခဲ့သည့် ကာလတစ်လျှောက်တွင် အတွေ့အကြုံနှင့် ဗဟုသုတများစွာကို ရရှိခဲ့သူဖြစ်သည့်အတွက် စာရင်းစစ်ဆေးခြင်းနှင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် စီမံခန့်ခွဲမှုတွင် ကုမ္ပဏီကို ကူညီဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ၂၀၂၃ ခုနှစ် ဩဂုတ် ၄ ရက်မှစ၍ ခန့်အပ်ခြင်း ခံရပါသည်။ |
| ဦးသန်းအောင် | အသေးစားငွေရေးကြေးရေး၊ ပညာရေး၊ ဆက်သွယ်ရေးနှင့်လက်လီကဏ္ဍသုံးရပ်အတွက် လုပ်ငန်းများ ပေါင်းစည်းခြင်း၊ ဝယ်ယူခြင်းဆိုင်ရာအတွေ့အကြုံများရှိခြင်း၊ စာရင်းအင်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နယ်ပယ်များတွင် အနှစ် ၂၀ ကျော် အတွေ့အကြုံနှင့် ဗဟုသုတများရှိသည့်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းအစုအဝေးများ စီမံခန့်ခွဲခြင်းတွင် ကုမ္ပဏီကို လမ်းညွှန်မှု ပြုနိုင်ခြင်းကြောင့် ၂၀၂၃ ခုနှစ် ဩဂုတ် ၄ ရက်မှစ၍ ခန့်အပ်ခြင်းခံရပါသည်။ |

# CORPORATE GOVERNANCE & SHAREHOLDER INFORMATION

# ကော်ပိုရိတ်ထိန်းကြောင်း အုပ်ချုပ်မှုဘောင်

ခိုင်မာစွာတည်ဆောက်ထားသည့် ကော်ပိုရိတ် ထိန်းကြောင်းအုပ်ချုပ်မှု အလေ့အကျင့်များ၏ အရေးပါမှုကို E.F.R ၏ ဒါရိုက်တာအဖွဲ့နှင့် အစုရှယ်ယာရှင်များသည် ရာနှုန်းပြည့်သိရှိသဘောပေါက်ပြီး ရှယ်ယာတန်ဖိုးများမြင့်တက်လာစေရန်နှင့် ကုမ္ပဏီ၏ စွမ်းဆောင်ရည်ကောင်းမွန်လာစေရန်အတွက် မိမိတို့၏ သင့်တော်သည့်မူဘောင်ကို ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ကို လေးနက်စွာထမ်းရွက်လျှက်ရှိပါသည်။ ကော်ပိုရိတ်ထိန်းကြောင်းအုပ်ချုပ်မှုအတွက် တာဝန်ခံမှုကို အဆင့်မြင့်မြင့် ထိန်းသိမ်းထားနိုင်ရန်မှာ ထူးခြားလေးနက်သည့် လုပ်ရပ်ဖြစ်ကြောင်းကို E.F.R မှ သိရှိအသိအမှတ်ပြုပါသည်။ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံ၏ အခြေအနေကိုလည်း ထည့်သွင်းစဉ်းစားလျှက် လက်ရှိ နိုင်ငံတကာမှ အခြေခံစည်းမျဉ်းများနှင့် ကိုက်ညီသည့် အလေ့အကျင့်များကို အကောင်အထည်ဖော်နိုင်ရန် အကောင်းဆုံးကြိုးပမ်းလျှက်ရှိပါသည်။ အားကောင်းသောစည်းမျဉ်းများဖြင့် ထိန်းကြောင်းထားသည့် ပွင့်လင်းမြင်သာသည့် စီမံခန့်ခွဲမှုဖွဲ့စည်းပုံကို ဖန်တီးရန်မှာ E.F.R ၏ သန္နိဋ္ဌာန်ပင်ဖြစ်သည်။ ထို့ပြင် အဆိုပါစည်းမျဉ်းများသည် Board of Directors နှင့် Board Committees တို့အကြား ကောင်းမွန်စွာ ညှိနှိုင်းဆောင်ရွက်မှုကို စုစည်းလုပ်ဆောင်မှုမှတစ်ဆင့် ချောမွေ့စေသည်။




အထက်ဖော်ပြပါ မူဘောင်သည် E.F.R Group ၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို လျင်မြန်စွာဖော်ထုတ်နိုင်သည့် စွမ်းရည်ကို အားပေးမြှင့်တင်ပေးပါသည်။ သို့ဖြစ်ရာ အားနည်းချက်နှင့် အားသာချက်များအပေါ် ခြုံငုံသုံးသပ်ထားသည့် ဆုံးဖြတ်ချက်များချမှတ်သည့် လုပ်ငန်းစဉ်ကို ချောမွေ့စေပါသည်။ ထိုအချက်သည် အပြန်အလှန်အနေဖြင့် စီမံကိန်းများကို လျင်မြန်စွာ ချမှတ်နိုင်စွမ်း၊ ဗျူဟာများနှင့် ဆုံးဖြတ်ချက်များကို ကောင်းမွန်ထိရောက်စွာ အကောင်အထည်ဖော်နိုင်စွမ်းတို့ကို အထောက်အကူပြုပါသည်။ ယင်းမူဘောင်သည် ကုမ္ပဏီအတွင်း ခိုင်မာသည့်ထိန်းကြောင်းမှုများ၊ အပြန်အလှန်ထိန်းကျောင်းမှုများနှင့် စည်းကမ်းသေဝပ်မှုတို့ကို တည်ဆောက်ပေး၍ လုပ်ပိုင်ခွင့်များနှင့် တာဝန်များကိုလည်း ခွဲဝေသတ်မှတ်ပေးသည်။

# ဒါရိုက်တာဘုတ်အဖွဲ့

ဒါရိုက်တာဘုတ်အဖွဲ့သည် E.F.R ၏ ဗျူဟာမြောက် ဦးတည်ရာနှင့် စွမ်းဆောင်မှုတို့ကို လမ်းညွှန်ကြီးကြပ်ရာတွင် လွန်စွာအရေးပါသည့် ပဲ့ကိုင်ရှင်ဖြစ်ပါသည်။ ကဏ္ဍစုံမှ အတွေ့အကြုံရင့် ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် ဒါရိုက်တာဘုတ်အဖွဲ့သည် ထိရောက်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးနှင့် ခိုင်မာသည့် ထိန်ကြောင်းအုပ်ချုပ်မှုဆိုင်ရာ အလေ့အကျင့်များကို စည်းကြပ်နိုင်ရေးတို့အတွက် လုပ်ဆောင်လျက်ရှိပါသည်။ အစီရင်ခံတင်ပြရသည့် ကာလအတွင်း ဘုတ်အဖွဲ့သည် အစည်းအဝေးပေါင်းခြောက်ခုကို ကျင်းပ၍ ရင်းနှီးမြှုပ်နှံမှုနှင့် အစုရှယ်ယာ စီမံခန့်ခွဲမှု၊ ငွေကြေးဆိုင်ရာ စွမ်းဆောင်မှု၊ ရေရှည်တည်တန့်မှုတို့ကဲ့သို့သော ကိစ္စရပ်များကို ကိုင်တွယ်ဆွေးနွေး ဖြေရှင်းကြပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့တွင် အဖွဲ့ဝင်များ တစ်ဦးချင်းအလိုက် တောင့်တင်းသည့် စွန့်ဦးတီထွင်မှုဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အတွေ့အကြုံများရှိကြ၍ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင်လည်း ကျယ်ပြန့်သည့် အသိပညာရှိသူများ ဖြစ်ကြပါသည်။ ဒါရိုက်တာဘုတ်အဖွဲ့ဝင်တို့အားလုံး၏ အသိပညာနှင့် အတွေ့အကြုံများကို ပေါင်းစပ်၍ ဘုတ်အဖွဲ့သည် ထိရောက်သည့် ဆုံးဖြတ်ချက်များကို ချမှတ်လျက်ရှိပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဒါရိုက်တာဘုတ်အဖွဲ့တွင် အဖွဲ့ဝင်ခုနစ်ဦးပါဝင်၍ လေးဦးမှာ အမှုဆောင်ဒါရိုက်တာများဖြစ်ကြပြီး ကျန်သုံးဦးမှာ လွတ်လပ်သောဒါရိုက်တာများ ဖြစ်ကြပါသည်။ ဘုတ်၏ ဖွဲ့စည်းမှုပုံစံသည် အမှုဆောင်ဒါရိုက်တာများနှင့် လွတ်လပ်သော ဒါရိုက်တာများအကြား သင့်လျော်သည့် အချိုးအစားကို ထိန်းထားရန်ဖြစ်ပါသည်။ ဘုတ်အဖွဲ့ဝင်အများစုမှာ လုပ်ငန်းအတွက် လိုအပ်သည့်အသိပညာနှင့် ကိုက်ညီသည့် အမှုဆောင်ဒါရိုက်တာများ ဖြစ်ကြပါသည်။ သူတို့သည် အဖိုးတန်သည့် ကျွမ်းကျင်မှုဆိုင်ရာ အသိပညာ၊ ရိုးသားမှု၏တန်ဖိုးနှင့် ရှုထောင့်စုံမှ အမြင်များဖြင့် လုပ်ဆောင်လျက်ရှိပါသည်။ လုပ်ငန်းနှင့်ပတ်သက်သည့် သူတို့၏ကြီးမားသည့် အတွေ့အကြုံများကြောင့်ပင် ဘုတ်အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ စွမ်းဆောင်မှုများကို ထိရောက်စွာ ကြီးကြပ်နိုင်ကြပါသည်။

လက်ရှိ နှစ်ပတ်လည်အစီရင်ခံစာကို တင်ပြသည့်အချိန်တွင်ရှိသည့် Directors တို့၏ ကိုယ်ရေးအကျဉ်းများ၊ အရည်အချင်းအပြင် ကုမ္ပဏီ၏ ဒါရိုက်တာစာရင်းကိုလည်း အထက်တွင် ဖော်ပြပြီးဖြစ်သည်။

| NAME | POSITION | LAST ELECTION DATE | BOARD |
|---|---|---|---|
| U Kyaw Lwin Oo | Executive Director | 07/07/2024 | Chairman |
| U Maung Maung Oo | Executive Director | 07/07/2024 | Member |
| Daw Khin Sone | Executive Director | 07/07/2024 | Member |
| Daw Than Aung | Executive Director | 04/02/2025 | Member |
| U Min Sein | Independent Director | 07/07/2024 | Member |
| U Than Aung | Independent Director | 07/07/2024 | Member |
| Daw Hla Theingi | Independent Director | 07/07/2024 | Member |

# ဒါရိုက်တာအဖွဲ့ အစည်းအဝေးများ

၂၀၂၅ ခုနှစ် မတ် ၃၁ ရက်အထိ ဘုတ်အဖွဲ့အစည်းအဝေးများနှင့် ဒါရိုက်တာများ၏ တက်ရောက်မှုမှတ်တမ်းသည် အောက်ပါ ဘုတ်အဖွဲ့ အစည်းအဝေး အချိန်ဇယားအတိုင်း ဖြစ်ပါသည်။

(က) ဒါရိုက်တာအဖွဲ့ အစည်းအဝေးနှင့် ကော်မတီအဖွဲ့ အစည်းအဝေး ကျင်းပသည့်အရေအတွက်နှင့် ကျင်းပသည့်နေ့ရက်

| | ဒါရိုက်တာအဖွဲ့ အစည်းအဝေး | ကော်မတီအဖွဲ့ အစည်းအဝေး |
|---|---|---|
| ဒါရိုက်တာအဖွဲ့ | ၂၇-၆-၂၀၂၄ | |
| ဒါရိုက်တာအဖွဲ့ | ၁၇-၉-၂၀၂၄ | |
| ဒါရိုက်တာအဖွဲ့ | ၂၇-၁၂-၂၀၂၄ | |
| ဒါရိုက်တာအဖွဲ့ | ၅-၃-၂၀၂၅ | |
| စာရင်းစစ်နှင့် စိစစ်ရေးကော်မတီ | | ၂၇-၆-၂၀၂၄ |
| စာရင်းစစ်နှင့် စိစစ်ရေးကော်မတီ | | ၁၇-၉-၂၀၂၄ |
| စာရင်းစစ်နှင့် စိစစ်ရေးကော်မတီ | | ၂၇-၁၂-၂၀၂၄ |
| စာရင်းစစ်နှင့် စိစစ်ရေးကော်မတီ | | ၅-၃-၂၀၂၅ |
| ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးမြှုပ်နှံမှုအစုစု စီမံခန့်ခွဲရေးကော်မတီ | | ၂၇-၆-၂၀၂၄ |
| ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးမြှုပ်နှံမှုအစုစု စီမံခန့်ခွဲရေးကော်မတီ | | ၁၇-၉-၂၀၂၄ |
| ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးမြှုပ်နှံမှုအစုစု စီမံခန့်ခွဲရေးကော်မတီ | | ၂၇-၁၂-၂၀၂၄ |
| ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးမြှုပ်နှံမှုအစုစု စီမံခန့်ခွဲရေးကော်မတီ | | ၅-၃-၂၀၂၅ |
| ဥပဒေရေးရာ၊ အုပ်ချုပ်မှုနှင့် လိုက်နာဆောင်ရွက်ရေး ကော်မတီ | | ၂၇-၆-၂၀၂၄ |
| ဥပဒေရေးရာ၊ အုပ်ချုပ်မှုနှင့် လိုက်နာဆောင်ရွက်ရေး ကော်မတီ | | ၁၇-၉-၂၀၂၄ |
| ဥပဒေရေးရာ၊ အုပ်ချုပ်မှုနှင့် လိုက်နာဆောင်ရွက်ရေး ကော်မတီ | | ၂၇-၁၂-၂၀၂၄ |
| ဥပဒေရေးရာ၊ အုပ်ချုပ်မှုနှင့် လိုက်နာဆောင်ရွက်ရေး ကော်မတီ | | ၅-၃-၂၀၂၅ |

(ခ) ဒါရိုက်တာအဖွဲ့ အစည်းအဝေးနှင့် ကော်မတီအဖွဲ့ အစည်းအဝေးသို့ တက်ရောက်သည့် ဒါရိုက်တာစာရင်း

| ဒါရိုက်တာအမည် | ဒါရိုက်တာအဖွဲ့ အစည်းအဝေး | စာရင်းစစ်နှင့် စိစစ်ရေးကော်မတီ | ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးမြှုပ်နှံမှုအစုစု စီမံခန့်ခွဲရေးကော်မတီ | ဥပဒေရေးရာ၊ အုပ်ချုပ်မှုနှင့် လိုက်နာဆောင်ရွက်ရေး ကော်မတီ |
|---|---|---|---|---|
| ဦးကျော်လွင်ဦး | အမှုဆောင်ဒါရိုက်တာ | အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |
| ဦးမောင်မောင်ဦး | အမှုဆောင်ဒါရိုက်တာ | အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |
| ဦးအောင်မင်းဟန် | အမှုဆောင်ဒါရိုက်တာ | အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |
| ဒေါ်ခင်ဆုံ | အမှုဆောင်ဒါရိုက်တာ | အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |
| ဦးသန်းအောင် | အမှုဆောင်ဒါရိုက်တာ | အဖွဲ့ဝင် | အဖွဲ့ဝင် | အဖွဲ့ဝင် |
| ဦးမင်းစိန် | လွတ်လပ်သောဒါရိုက်တာ | အဖွဲ့ဝင် | အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| ဒေါ်လှသိင်္ဂီ | လွတ်လပ်သောဒါရိုက်တာ | ဥက္ကဋ္ဌ | အဖွဲ့ဝင် | အဖွဲ့ဝင် |
| ဦးသန်းအောင် | လွတ်လပ်သောဒါရိုက်တာ | အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

# ဘုတ်အဖွဲ့ဆိုင်ရာ ကော်မတီများ

မိမိတို့၏ ဘုတ်အဖွဲ့သည် ထိန်းကြောင်းအုပ်ချုပ်မှု ပိုမိုထိရောက်စေရန်အလို့ငှာ တစ်ဖွဲ့ချင်းအလိုက် သီးခြားတာဝန်များရှိကြသည့်ကော်မတီများကို ဖွဲ့စည်းထားပါသည်။ ယင်းတို့ကို အောက်တွင် ဖော်ပြထားပါသည်။

၁။ **Investment Committee** : Investment Committee သည် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပိုင်ဆိုင်မှုစာရင်းများကို စီမံကြီးကြပ်ပါသည်။ ကုမ္ပဏီ၏ Investment ကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ Risk-return Profiles ကို မြှင့်တင်ရာတွင်လည်းကောင်း၊ Investment Policies and Regulations ကိုလိုက်နာစေရန် လုပ်ဆောင်ရာတွင်လည်းကောင်း ယင်း၏အခန်းကဏ္ဍသည် လွန်စွာအရေးပါသည်။ ယင်းသည် ဗျူဟာမြောက်ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်ဆိုင်ရာစောင့်ကြည့်ခြင်း၊ Stakeholders တို့နှင့် ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်ခြင်းလုပ်ငန်းများတွင်လည်း ပါဝင်ပတ်သက်မှုရှိပါသည်။

၂။ **Nomination and Remuneration Committee** : Nomination and Remuneration Committee သည် ဘုတ်၏ ဖွဲ့စည်းမှု၊ ဒါရိုက်တာများ ရွေးချယ်မှုနှင့် ဘုတ်အဖွဲ့၏ ဆောင်ရွက်မှုများနှင့် မူဝါဒများကို အကဲဖြတ်ခြင်းတို့အပေါ်တွင် တာဝန်ရှိပါသည်။ ကုမ္ပဏီ ထိန်းကြောင်းအုပ်ချုပ်မှုအတွက် တောင့်တင်းသည့် မူဘောင်တစ်ရပ်ရှိနေစေရန် လုပ်ဆောင်ပါသည်။ ယင်းသည် ခေါင်းဆောင်ပိုင်းအတွက် ပေးငွေများသည် ကုမ္ပဏီ၏ စွမ်းဆောင်မှု၊ လုပ်ငန်းဆိုင်ရာစံနှုန်းများ၊ ရှယ်ယာရှင်များ၏ အကျိုးစီးပွားတို့နှင့် ကိုက်ညီမှု ရှိ၊ မရှိ ပြန်လည်စိစစ်ပါသည်။ ထို့ပြင် လုပ်ခပေးငွေဆိုင်ရာ မူဝါဒများသည် မျှတမှုနှင့် ပွင့်လင်းမြင်သာမှု ရှိ၊ မရှိ စိစစ်ပါသည်။

၃။ **Legal, Governance & Compliance** : Legal, Governance & Compliance သည် ကုမ္ပဏီ၏ ဥပဒေဆိုင်ရာ အကျိုးစီးပွားကို စောင့်ရှောက်ရာတွင်သော်လည်းကောင်း၊ ဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာစေရန်အတွက်သော်လည်းကောင်း၊ ဘုတ်နှင့် စီမံခန့်ခွဲသူများတို့ကို ဥပဒေဆိုင်ရာ လမ်းညွှန်မှုပေးရာတွင်သော်လည်းကောင်း လွန်စွာအရေးပါသည့် အခန်းကဏ္ဍတွင် ရှိပါသည်။ ထို့ပြင် ဥပဒေအရ စွဲဆိုခံရနိုင်သည့် အန္တရာယ်ကို လျော့နည်းစေ၍၊ ကုမ္ပဏီ၏ ဂုဏ်သရေကို ကာကွယ်စောင့်ရှောက်ပြီး၊ ဥပဒေအရ လိုက်နာမှုအနေအထားကို အမြင့်မားဆုံးအနေအထားတွင် ထိန်းသိမ်းပါသည်။

၄။ **Audit Committee** : စာရင်းစစ်ကော်မတီသည် ကုမ္ပဏီ၏ စာရင်းကိုင်မူဝါဒများ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ ဘဏ္ဍာရေးအစီရင်ခံမှုကို ကြီးကြပ်ကွပ်ကဲခြင်း၊ စီမံခန့်ခွဲမှုမှပြုလုပ်သော သိသာထင်ရှားသည့် မူဝါဒများ၊ စီရင်ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ် အကဲဖြတ်ခြင်း၊ ပြင်ပစာရင်းစစ်များ၏ စာရင်းကိုင်မူဝါဒများ၊ လုပ်ငန်းဆောင်ရွက်ပုံများ သိသာထင်ရှားသော ပြောင်းလဲမှုများကိုဆွေးနွေးခြင်းနှင့် IFRS မဟုတ်သော ငွေကြေးဆိုင်ရာအစီအမံများကို အသုံးပြုခြင်းအပါအဝင်၊ ဝင်ငွေနှင့် ဘဏ္ဍာရေးအချက်အလက်များကို ပြန်လည်သုံးသပ်ခြင်းတို့ ဖြစ်ပါသည်။

၅။ **Risk Committee** : ဒါရိုက်တာဘုတ်အဖွဲ့၏ ရည်ရွယ်ချက်မှာ စွန့်စားရမှုကော်မတီသည် ကုမ္ပဏီ၏ ဗျူဟာမြောက်၊ အကြွေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဈေးကွက်နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အန္တရာယ်များကို ဖော်ထုတ်၊ အကဲဖြတ်ရန်နှင့် စီမံခန့်ခွဲရန်ဖြစ်သည်။ ဘေးအန္တရာယ်စီမံခန့်ခွဲမှု မူဘောင်ကို ကျိုးကြောင်းဆီလျော်စွာ ရေးဆွဲ၍ အကောင်အထည်ဖော်ရန်နှင့် စီမံခန့်ခွဲမှု၏တာဝန်ကို ကြီးကြပ်ရာတွင် ဘုတ်အဖွဲ့အား ကူညီပေးရန်ဖြစ်ပါသည်။ Risk Committee ၏ တာဝန်များတွင် သက်ဆိုင်ရာ ပင်မအန္တရာယ်မူဝါဒများကို အတည်ပြုခြင်းနှင့် စီမံခန့်ခွဲမှုမှ ချမှတ်ထားသော ဆက်စပ်မူဘောင်အချို့ကို ပြန်လည်သုံးသပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အစီရင်ခံခြင်းများ ပါဝင်သည်။

# ၂၀၂၄– ၂၀၂၅ ဘဏ္ဍာနှစ် ထာဝရနန္ဒီ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ကော်မတီများနှင့် အဖွဲ့ဝင်များ

| Sr. | Committee | Chairperson | Members | Position |
|---|---|---|---|---|
| 1. | **Investment Committee** | **U Than Aung** (Independent Director) | U Kyaw Lwin Oo | Executive Director |
| | | | U Maung Maung Oo | Executive Director |
| | | | U Aung Min Han | Executive Director |
| | | | Daw Khin Sone | Executive Director |
| | | | Daw Hla Theingi | Independent Director |
| | | | Daw Hinn Yee Mon | COO |
| | | | Daw Zin Nyein Htwe | COO |
| | | | U Than Aung | COO |
| | | | Daw Lae Lae Mu | COO |
| | | | Daw Phyu Thet Khine | ACFO |
| | | | Daw Khine Zin Oo | FO |
| 2. | **Nomination & Remuneration Committee** | **U Than Aung** (Independent Director) | U Kyaw Lwin Oo | Executive Director |
| | | | U Maung Maung Oo | Executive Director |
| | | | U Aung Min Han | Executive Director |
| | | | Daw Khin Sone | Executive Director |
| 3. | **Legal, Governance & Compliance** | **U Min Sein** (Independent Director) | U Kyaw Lwin Oo | Executive Director |
| | | | U Maung Maung Oo | Executive Director |
| | | | Daw Khine Thinzar Win | Legal Manager |
| | | | Daw Tint Nandar Tun | Legal Officer |
| 4. | **Audit Committee** | **Dr. Hla Theingi** (Independent Director) | Daw Aye Aye Moe | Audit Manager |
| | | | U Shwe Phyo | Senior Associate |
| | | | Daw Lae Lae Mu | Director |
| | | | Daw Zin Nyein Htwe | Director |
| | | | U Than Aung | Director |
| 5. | **Risk Committee** | **Dr. Hla Theingi** (Independent Director) | U Maung Maung Oo | Executive Director |
| | | | U Than Aung | Director |
| | | | Daw Lae Lae Mu | Director |
| | | | U Than Aung | Director |
| | | | Daw Aye Aye Moe | Audit Manager |
| | | | U Shwe Phyo | Senior Associate |

# ကျင့်ဝတ်များနှင့် လိုက်နာမှု

E.F.R Group သည် လုပ်ငန်းဆောင်ရွက်မှု အားလုံးတွင် ကျင့်ဝတ်လိုက်နာသည့် အလေ့အထကို ဦးစားပေးပါသည်။ ထိုသို့လုပ်ဆောင်ရန်အတွက် မိမိတို့၏ဒါရိုက်တာများ၊ ဝန်ထမ်းများနှင့် စီးပွားရေးမိတ်ဖက်များအား ကျင့်ဝတ်ဆိုင်ရာစံနှုန်းများနှင့် အလေ့အထများကို လမ်းညွှန်ပေးသည့် ကျင့်ဝတ်စည်းမျဉ်းများအပါအဝင် ပြီးပြည့်စုံသည့် မူဝါဒသတ်မှတ်ချက်များကို အကောင်အထည် ဖော်ထားပါသည်။ မိမိတို့၏ အဖွဲ့အစည်းတစ်ရပ်လုံးတွင် စိမ့်ဝင်ပြန့်နှံ့သွားမည့် ကျင့်ဝတ်နှင့် သိက္ခာဆိုင်ရာယဉ်ကျေးမှုတစ်ရပ်ကို ပြုစု ပျိုးထောင်ပါသည်။ မိမိတို့၏ ခေါင်းဆောင်ပိုင်းသည် ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများကို မဖြစ်မနေ လိုက်နာသွားမည်ဖြစ်ပြီး မိမိတို့၏ ဒါရိုက်တာဘုတ်အဖွဲ့များလည်း အဆင့်အားလုံးတွင် ကျင့်ဝတ်ဆိုင်ရာ အလေ့အထများ ရှိနေစေရန် ကြိုးကြပ်ပါသည်။

ကျင့်ဝတ်စည်းမျဉ်းများနှင့်ပတ်သက်၍ မိမိတို့လိုလားချက်များကို ပုံဖော်ပေးမည့် ရှင်းလင်းသည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များကို ရေးဆွဲ ချမှတ်လျှက်ရှိပါသည်။ အဆိုပါ စည်းမျဉ်းများနှင့် ဆက်နွှယ်၍လည်း မိမိတို့၏ဝန်ထမ်းများနှင့် ပုံမှန်ထိတွေ့၍ ယင်းတို့အတွက် သင်တန်းများလည်း ပို့ချပေးလျှက်ရှိပါသည်။ မိမိတို့၏ စည်းကမ်းထိန်းသိမ်းရေး အစီအစဉ်မှာ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ငန်းဆိုင်ရာ စံနှုန်းများကို အမှန်တကယ် လိုက်နာမှုရှိစေရန် ရေးဆွဲထားခြင်းဖြစ်ပါသည်။ အမှန်တကယ် လိုက်နာမှုရှိစေရန် ဥပဒေနှင့် စည်းကြပ်မှုဆိုင်ရာ လိုအပ်ချက်များကို စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ ပါဝင်သည့် ထိရောက်သည့်မူဘောင်ကို ချမှတ်၍ လိုက်နာမှုမရှိသေးသည့် နယ်ပယ်များကို ဖော်ထုတ်၍ ကုစားရန်အတွက် ပြန်လည်သုံးသပ်မှုကို ပုံမှန်ပြုလုပ်ပါသည်။ ဥပဒေဆိုင်ရာ နယ်ပယ်၏ ပြောင်းလဲမှုမှန်သမျှကို အမြဲတစေ လက်လှမ်းမီနေစေရန် စည်းမျဉ်းထိန်းသိမ်းရေး အဖွဲ့များနှင့် ခိုင်မာသည့်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထား၍ ယင်းအဖွဲ့များလည်းနှင့် တက်ကြွစွာ ထိတွေ့လျှက်ရှိပါသည်။

ဝန်ထမ်းများ၊ ဒါရိုက်တာများနှင့် စီးပွားရေး မိတ်ဖက်များအားလုံးအတွက် ကျင့်ဝတ်စည်းမျဉ်းများနှင့် ပြုမူမှုဆိုင်ရာ စည်းမျဉ်းများကို ချမှတ်ပေးသည့် အလုံးစုံပါဝင်သော Code of Conduct ကို အကောင်အထည်ဖော်ခဲ့ပါသည်။ မိမိတို့၏ Code of Conduct သည် အကျိုးစီးပွား ပဋိပက္ခများ၊ အကျင့်ပျက်ခြစားခြင်း၊ သတင်းအချက်အလက် ရောင်းစားခြင်း၊ Data လျှို့ဝှက်ချက်နှင့် လူ့အခွင့်အရေးအပေါ် လေးစားမှုတို့ အပါအဝင် အလှမ်းကျယ်လှသည့် အကြောင်းအရာများအပေါ် သက်ရောက်ပါသည်။ ဝန်ထမ်းများ၊ ဒါရိုက်တာများအားလုံးသည် Code of Conduct များကို သိမြင်လိုက်နာစေပါသည်။ ထို့သို့ နားလည် လိုက်နာစေရန်အတွက်လည်း သင်တန်းများနှင့် လိုအပ်သည့် အရင်းအမြစ်များ အဆက်မပြတ် ထောက်ပံ့လျှက်ရှိပါသည်။

မိမိတို့၏ Code of Conduct များ (သို့မဟုတ်) လက်ရှိဥပဒေများအား ချိုးဖောက်သည့်လုပ်ရပ် (သို့မဟုတ်) ချိုးဖောက်လာနိုင်သည့် လုပ်ရပ်တို့နှင့်ပတ်သက်၍ ဝန်ထမ်းများနှင့် Stakeholders တို့မှ ရဲရဲရင့်ရင့် သတင်းပေးနိုင်ရန်အတွက် မိမိတို့သည် သတင်းပေးသူအား လက်တုံ့ပြန်ခြင်းကို ထိရောက်စွာကာကွယ်သည့် အစီအစဉ်ကို အသုံးပြုလျှက်ရှိပါသည်။ သတင်းပေးသူအား လျှို့ဝှက်ထားရန်နှင့် အကာအကွယ်ပေးရန်အတွက် မိမိတို့သည် အမည်မဲ့ သတင်းပို့နိုင်သည့် နည်းလမ်းအပါအဝင် သတင်းပို့နိုင်သည့် လမ်းကြောင်း အစုံအလင်ကို ပံ့ပိုးပေးထားပါသည်။ ပေးပို့သည့်သတင်းများကို အတွင်းကျကျစိစစ်၍ သက်သေပြနိုင်သည့်ကိစ္စများကို ဖြေရှင်းရန်သင့်တော်သည့် အရေးယူမှုကို ပြုလုပ်ပါသည်။ မိမိတို့၏ E.F.R Group သည် ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများကို ထိန်းသိမ်းထားရန်နှင့် လုပ်ငန်းများကိုလည်း ရိုးသားတည်ကြည်မှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် လုပ်ဆောင်စေရန် ကတိသစ္စာပြုထားပြီးဖြစ်ပါသည်။

# ဘေးအန္တရာယ် စီမံခန့်ခွဲမှု

## ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု (Risk Management)

ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု ချဉ်းကပ်မှုနှင့် လုပ်ငန်းစဉ် ကုန်စည်စီးဆင်းမှု ကွင်းဆက်လုပ်ငန်းအတွင်း ထောက်ပံ့ပို့ဆောင်ရေး ပံ့ပိုးသူဖြစ်သော E.F.R သည် အမျိုးမျိုးသော ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ် စောင့်ကြည့်စစ်ဆေးလျှက်ရှိပါသည်။

E.F.R ၏ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တွင် လက်ရှိဆုံးရှုံးနိုင်ခြေများနှင့် ၎င်းတို့၏ပြင်းထန်မှုကို ဆုံးဖြတ်ရန် လက်ရှိ ထိန်းချုပ်မှု အစီအမံများ၏ ထိရောက်မှုကို ဖော်ထုတ်ရန်အတွက် ပုံမှန်အကဲဖြတ်မှုများပါဝင်သည်။ ထပ်တိုးလုပ်ဆောင်မှုများ လိုအပ်ပါက ၎င်းတို့အား ပုံမှန် ပြန်လည် သုံးသပ်စစ်ဆေးပေးသည်။

E.F.R လုပ်ငန်းများ လည်ပတ်နေသည့် စီးပွားရေးနယ်ပယ်များတွင် ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများနှင့် လုပ်ဆောင်ချက်များကို ဘက်ပေါင်းစုံမှ ခြုံငုံသုံးသပ်သောနည်းလမ်း (Bottom Up Approach)ဖြင့် အကဲဖြတ်ထားပါသည်။

## အန္တရာယ်စီမံခန့်ခွဲမှု မူဘောင် (Risk Management Framework)

ကျွန်ုပ်တို့အဖွဲ့အစည်းသည် ဆုံးရှုံးနိုင်ခြေမှ ကာကွယ်ရန်အတွက် စီမံခန့်ခွဲမှု မူဘောင်တစ်ခုကို အောက်ပါလမ်းညွှန်းချက်များ အတိုင်း တည်ဆောက်ထားပါသည်။

အန္တရာယ်များကို ဖော်ထုတ်ခြင်း၊ ဘေးအန္တရာယ်များ ခန့်မှန်းတွက်ချက်ခြင်း၊ အကဲဖြတ်ခြင်း၊ ဘေးအန္တရာယ်များ လျှော့နည်း စေရေးနှင့် ထိန်းကျောင်းမှု၊ ဘေးအန္တရာယ်များ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်း စသည်ဖြင့် အမျိုးအစားလေးမျိုး ဖော်ပြထားပါသည်။

### (၁) Risk Profile ချမှတ်ခြင်း

စီမံခန့်ခွဲရေးနှင့် ဒါရိုက်တာဘုတ်အဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် Company ၏ Risk Tolerance Level နှင့် Risk Appetite Level များကို သတ်မှတ်ပါသည်။

### (၂) ဆုံးရှုံးနိုင်ခြေများကို ခွဲခြားသတ်မှတ်ခြင်း (Risk Identification)

ကျွန်ုပ်တို့သည် အပျက်သဘောဆောင်သော၊ ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို ဖော်ထုတ်အကဲဖြတ်ရန်နှင့် လုပ်ငန်းစဉ် ကုန်စည်စီးဆင်းမှု ကွင်းဆက်လုပ်ငန်းနှင့် သက်ဆိုင်သူများအားလုံး ပူးပေါင်းဆောင်ရွက်ပါသည်။ ဆုံးရှုံးနိုင်မှုအန္တရာယ်များကို အကဲဖြတ်ခြင်းနှင့် လုပ်ငန်းအတွက် အလေ့ကျင့်ကောင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချလျှက်ရှိပါသည်။

### (၃) ဆုံးရှုံးနိုင်ခြေကို အကဲဖြတ်ခြင်း (Risk Assessment)

ကျွန်ုပ်တို့ကုမ္ပဏီသည် ဆုံးရှုံးနိုင်မှုအန္တရာယ် ဖြစ်နိုင်ခြေနှင့် ဖြစ်လာနိုင်သောအန္တရာယ်များကို ဦးစားပေး၍ အကဲဖြတ်ထား ပါသည်။

ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို အရည်အသွေးပိုင်းနှင့် အရည်အတွက်ပိုင်း နှစ်မျိုးစလုံးကို အခြေခံပြီး ဖြစ်နိုင်ခြေပေါ်မူတည်၍ အကဲဖြတ်ထားပါသည်။ ဖြစ်လာနိုင်ခြေရှိသော ဆုံးရှုံးမှုများသည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာအန္တရာယ်၊ ဘဏ္ဍာရေးဆိုင်ရာအန္တရာယ်၊ လုပ်ငန်း၏ပုံရိပ်အပေါ် အကဲဖြတ်ပါသည်။

## (၄) အန္တရာယ်လျော့ပါးစေခြင်းနှင့် ထိန်းချုပ်ခြင်း (Risk Mitigation & Control)

ကျွန်ုပ်တို့သည် ဆုံးရှုံးမှုအန္တရာယ်ကို အကဲဖြတ်ခြင်း၊ ဖော်ထုတ်ခြင်းနှင့် ထိန်းချုပ်မှုများကို အကောင်ထည်ဖော် ဆောင်ရွက်ပါသည်။ ဆုံးရှုံးနိုင်ခြေအန္တရာယ် အနည်းဆုံးဖြစ်ရန်အတွက် အစီအစဉ်များဆောင်ရွက်ထားခြင်း၊ ကြိုတင်ကာကွယ်မှု အစီအစဉ်ရေးဆွဲခြင်း၊ အတွင်းပိုင်းထိန်းချုပ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်များနှင့် ဖြစ်လာနိုင်ခြေရှိသည့် အန္တရာယ်များကို လျော့ချခြင်း အစီအစဉ်များ ပါဝင်ပါသည်။

## (၅) အန္တရာယ်စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်း (Risk Monitoring & Reporting)

ကျွန်ုပ်တို့သည် ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို သေချာစေရန် စဉ်ဆက်မပျက် စောင့်ကြည့်လေ့လာ၍ ပြန်လည်သုံးသပ်ပါသည်။ ကျွန်ုပ်တို့သည် ပေါ်ပေါက်လာသောအန္တရာယ်များ အခြေအနေကို Board of Director & Management များအား အသိပေးခြင်း၊ ဤအန္တရာယ်များ လျော့ပါးသက်သာစေရန်နှင့် တိုးတက်မှုများ ဖြစ်ပေါ်လာစေရန် စောင့်ကြည့်ပါသည်။

အများအားဖြင့် တွေ့ရသော ဆုံးရှုံးနိုင်ခြေများမှာ အဓိကအားဖြင့် အုပ်စုနှစ်စု တွေ့ရပါသည်။

(၁) လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ

(၂) ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ ဖြစ်ပါသည်။

## (၁) လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ

### Operational Risk တွင် ပါဝင်သည့် ဆုံးရှုံးနိုင်ခြေများ

ထုတ်ကုန်နှင့် ဝန်ဆောင်မှုဆိုင်ရာ ကမ်းလှမ်းမှု၊ လူပုဂ္ဂိုလ်နှင့်ဆိုင်သော ဆုံးရှုံးနိုင်ခြေများနှင့် ကျန်းမာရေး၊ လုံခြုံရေးနှင့် နည်းပညာဆိုင်ရာ အခွင့်အလမ်းများ ပါဝင်ပါသည်။

### အဓိက ဆုံးရှုံးနိုင်ခြေများကို ဖြေလျှော့စေခြင်း အကျဉ်းချုပ်

လုပ်ငန်းအတွက် ကျွန်ုပ်တို့၏ ကန်ထရိုက်တာ၊ စီးပွားဖက်နှင့် ဝန်ထမ်းများသည် ပဓာနကျပါသည်။ ကျွန်ုပ်တို့သည် အရည်အချင်းရှိသူများကို ဆွဲဆောင်ထိန်းသိမ်းရန်နှင့် ပင်ကိုယ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန် နေ့စဉ် ကြိုးပမ်းလျှက်ရှိသည်။ စီးပွားဖက်များ၊ အကျိုးစီးပွား သက်ဆိုင်သူများနှင့် အတူတကွလက်တွဲ၍ လုပ်သားရှားပါးမှု မရှိစေရန် လုပ်ကိုင်နေပါသည်။

ကျွန်ုပ်တို့သည် ကုမ္ပဏီတွင်း သင်တန်းများနှင့် အသက်မွေးဝမ်းကြောင်း ဖွံ့ဖြိုးရေးအစီအစဉ်များ ကျင်းပပြီး အရည်အချင်းရှိသူများနှင့် အနာဂတ်ခေါင်းဆောင်များ ထွက်ပေါ်လာစေရန် အမြဲတမ်း ရင်းနှီးမြှုပ်နှံလျှက်ရှိပါသည်။

သတင်းအချက်အလက် နည်းပညာစနစ်များသည် ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုအတွက် အရေးကြီးသော်လည်း ဆိုက်ဘာ ချိုးဖောက်မှုများနှင့် အနှောင့်အယှက်များအပါအဝင် ဆုံးရှုံးနိုင်ခြေများရှိနိုင်သည်။ ပုဂ္ဂိုလ်ရေး သို့မဟုတ် Customer အချက်အလက်များကို လုံလောက်စွာ ကာကွယ်မှုများကိုလည်း အဓိက ဆောင်ရွက်လျှက်ရှိပါသည်။

E.F.R သည် Customer အချက်အလက် စီမံခန့်ခွဲမှု၊ အဖြစ်အပျက် တုံ့ပြန်မှုများနှင့်စပ်လျဉ်း၍ ကုမ္ပဏီအတွင်း စွမ်းဆောင်ရည်များကို ဆက်လက်ဖွံ့ဖြိုးရန်၊ ထပ်တိုးရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်ဆုံးဖြတ်ထားပါသည်။ Customer များနှင့် ဝန်ထမ်းများ၏ အချက်အလက်များထိန်းသိမ်းရန်နှင့် စနစ်ရရှိမှုအတွက် ဦးစားပေးဆောင်ရွက်ရန် ကုမ္ပဏီများနှင့်လည်း နီးကပ်စွာဆောင်ရွက်လုပ်ကိုင်နေပါသည်။ E.F.R သည် Customer ဆက်ဆံရေးနှင့် စီမံခန့်ခွဲမှုအတွက် ပိုမိုထိရောက်စေရန်နှင့် လုပ်ငန်းလည်ပတ်မှုကို တသမတ်တည်း ထိရောက်စွာ လုပ်ကိုင်နိုင်ရန် ဆောင်ရွက်လျှက်ရှိပါသည်။

## (၂) ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများတွင် ကြွေးမီ၊ ငွေဖြစ်လွယ်မှု၊ ငွေကြေးအချိုးအစားများနှင့် ဈေးကွက် အန္တရာယ်များ ပါရှိပါသည်။

### (က) ကြွေးမြီအန္တရာယ် (Credit Risk)

Company ၏ အဓိက ဘဏ္ဍာရေးဆိုင်ရာ ပိုင်ဆိုင်မှုအမျိုးအစားများ၊ ဘဏ်အပ်ငွေများနှင့် ကုန်သွယ်မှုရငွေများ လက်ခံရရှိသည့် ကုန်သွယ်မှုရငွေများအတွက် မူဝါဒများ ချမှတ်လုပ်ကိုင်လျှက်ရှိပါသည်။ တစ်ဦးချင်း မိတ်ဖက်အဖွဲ့အစည်းထံ ကန့်သတ်ထားသည့် အကြွေးကန့်သတ်ချက်များဖြင့် ကန့်သတ်ထားပြီး သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်တွင်လည်း မူဝါဒနှင့် ကန့်သတ်ချက်များကို ထိရောက်စွာလိုက်နာရန် စဉ်ဆက်မပြတ် စောင့်ကြည့်ပါသည်။ စီမံခန့်ခွဲရေးနှင့် ဒါရိုက်တာဘုတ်အဖွဲ့မှ ကုမ္ပဏီသည် မည်သည့် အပေါင်ပစ္စည်းမှ မကိုင်ထားသောကြောင့် Credit Risk နှင့် ထိတွေ့မှု အများဆုံးဖြစ်သည်။

### (ခ) ငွေဖြစ်လွယ်မှုအန္တရာယ် (Liquidity Risk)

ငွေဖြစ်လွယ်မှုအန္တရာယ် စီမံခန့်ခွဲမှုတွင် လုံလောက်သော ငွေသား၊ ကာလတိုအပ်ငွေများ၊ ငွေဖြစ်လွယ်သည့် ရရန်များနှင့် ရောင်းချရန် သိုလှောင်ထားသော ကုန်ပစ္စည်းများ၊ ကတိကဝတ်ပြုထားသော ချေးငွေဆိုင်ရာ ပေးရန်ရှိသူများ ပါဝင်ပါသည်။ စီမံခန့်ခွဲမှုသည် Group ၏ ငွေဖြစ်လွယ်မှု အနေအထား၏ အလှည့်အပြောင်း ခန့်မှန်းချက်များကို စောင့်ကြည့်ပြီး ငွေဖြစ်လွယ်မှု စီမံခန့်ခွဲမှုမူဝါဒတွင် အဓိကအားဖြင့် ငွေသားစီးဆင်းမှုကို ခန့်မှန်း၍ ငွေဖြစ်လွယ်မှုကို အချိုးများဖြင့် စောင့်ကြည့်ပါသည်။

### (ဂ) ငွေကြေးအမျိုးအစားလဲလှယ်မှုအန္တရာယ် (Currency Risk)

အမေရိကန်ဒေါ်လာများ (USD) ကဲ့သို့ နိုင်ငံခြားငွေကြေးများ၏ ငွေလဲလှယ်နှုန်း အပြောင်းအလဲသည် Group အတွင်းရှိ အဖွဲ့အစည်း တစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များကို သက်ရောက်မှု ရှိစေမည်ဖြစ်ပါသည်။

E.F.R Group သည် ဘေးအန္တရာယ်စီမံခန့်ခွဲရေးကို Risk-Based Internal Audit လုပ်ငန်းစဉ်များဖြင့် စီစဉ်ဆောင်ရွက်ပါသည်။ Company ၏ Business Stratagy အခြေခံ အစိတ်အပိုင်းအဖြစ် သဘောထားပါသည်။ မိမိတို့၏လုပ်ငန်းများကို စောင့်ရှောက်ရန်နှင့် Stakeholder များထံသို့ ခိုင်မာသည့်ရလာဘ်နှင့် တန်ဖိုးများကို ပေးဆောင်နိုင်ရန်အတွက် ဘေးအန္တရာယ်ကို ဖော်ထုတ်ရန်၊ ခန့်မှန်းရန်နှင့် လျှော့ချရန်တို့အတွက် ခိုင်မာသည့်အချက်များ ချမှတ်ထားပြီးဖြစ်ပါသည်။ မိမိတို့၏ Risk Management မူဘောင်သည် ဘေးအန္တရာယ်စီမံခန့်ခွဲရေးကို ကြိုတင်လုပ်ဆောင်ထားစေ၍ သင့်တော်သည့် ထိန်းသိမ်းလျှော့ပါးရေး အစီအစဉ်များဖြင့် အဆင်သင့် ရှိနေပါသည်။

# SHAREHOLDER
# စီမံခန့်ခွဲမှု

E.F.R Group သည် Shareholders တို့၏ အကျိုးစီးပွား၏အရေးပါမှုကို နားလည်သဘောပေါက်၍ မိမိနှင့် Shareholder တို့အကြား ပွင့်လင်းမြင်သာမှုနှင့် ယုံကြည်မှုတို့ကို တိုးမြှင့်နိုင်ရန် တက်ကြွစွာဖြင့် ထိတွေ့ဆောင်ရွက်နိုင်ရန် ကြိုးပမ်းပါသည်။ မိမိတို့သည် Annual General Meetings, Investor Briefings နှင့် Dedicated Investor Relations Channels တို့မှတစ်ဆင့် ပုံမှန်ဆက်သွယ်ပါသည်။ မိမိတို့သည် Shareholder ပါဝင်မှုကို အားပေးရန်၊ ကုမ္ပဏီ၏လုပ်ဆောင်ချက်များကို အချိန်မီအကြောင်းကြားရန်နှင့် Shareholder တို့ထံမှ အရေးကြီးသည့် ပံ့ပိုးမှုများ ရရှိနိုင်ရန်တို့ကို ရည်သန်သည်။ Shareholders တို့၏ တန်ဖိုးရှိသောရှုထောင့်များသည် မိမိတို့အောင်မြင်မှုအတွက် အရေးပါကြောင်း အသိအမှတ်ပြုပါသည်။

## Shareholder များနှင့် ထိတွေ့ရန်နည်းလမ်းများ

မိမိတို့၏ Shareholder များနှင့် ထိတွေ့ရန်နည်းလမ်းမှာ ပွင့်လင်းမြင်သာမှု၊ ကွယ်ဝှက်ခြင်းကင်းမဲ့မှုနှင့် ပူးပေါင်းပါဝင်နိုင်မှု၊ စည်းမျဉ်းများအပေါ်တွင် အခြေခံသည်။ မိမိတို့နှင့် Shareholder များအကြား အပြန်အလှန် ယုံကြည်ကိုးစားမှုအပေါ် အခြေခံသည့် ခိုင်မာသောဆက်ဆံမှုကို ထိန်းသိမ်းထားရန်မှာ မိမိတို့၏ဦးတည်ချက်ပင်ဖြစ်ပါသည်။ ယင်းဦးတည်ချက်ကို အကောင်အထည်ရန် အောက်ပါအချက်များကို အခြေခံပါသည်။

**ကြိုတင်ကမ်းလှမ်းမှု**။ Shareholders နှင့် ထိတွေ့နိုင်ရန် မိမိတို့မှစတင်လုပ်ဆောင်၍ မိမိတို့ Company ၏ လုပ်ဆောင်ချက်များ၊ ဗျူဟာမြောက်ခြေလှမ်းများ၊ အဓိကတိုးတက်မှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်ကို အမြဲမပြတ် ပေးပို့ပါသည်။ ရင်းနှီးမြှုပ်နှံသူတို့၏ တင်ပြချက်များ၊ Annual General Meeting များ၊ အွန်လိုင်းတွေ့ဆုံမှုများ၊ Dedicated Investor Relations Websites တို့အပါအဝင် Communication Channels မျိုးစုံကို အသုံးပြု၍ သတင်းအချက်အလက် အပြည့်အစုံကို ဖြန့်ဝေပါသည်။

**Annual General Meetings (AGMs)**။ AGMs များသည် Shareholders နှင့် မိမိတို့အကြား တိုက်ရိုက်အပြန်အလှန်တွေ့ဆုံလုပ်ဆောင်ရန်အတွက် အခမ်းအနားများပင်ဖြစ်ပါသည်။ AGMs သည် Shareholders များအနေဖြင့် မိမိတို့၏အမြင်များကို ဖော်ပြရန်၊ မေးခွန်းများမေးရန်၊ လိုလားချက်များကိုဖော်ပြရန် အခွင့်အရေးတစ်ရပ်ပင် ဖြစ်ပါသည်။ မိမိတို့သည် AGMs များကို ပွင့်လင်းမြင်သာစွာနှင့် အများပါဝင်စေနိုင်ရန် ကျင်းပ၍ Shareholder အားလုံးတွင် သတင်းအချက်အလက်များအား သိရှိနိုင်ခွင့်နှင့် ပါဝင်နိုင်ခွင့် ရှိစေပါသည်။

**ငွေကြေး ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်ဆံရေး**။ မိမိတို့၏ ငွေကြေးရင်းနှီးမြှုပ်နှံသူများနှင့် ဆက်ဆံရေးအဖွဲ့သည် Shareholders နှင့် ဆက်ဆံရေးနှင့် သူတို့၏လိုလားချက်များကို ဖြည့်ဆည်းရေးလုပ်ငန်းစဉ်တို့တွင် နှစ်မြှုပ်နှံထားပါသည်။ ယင်းအဖွဲ့သည် Shareholders နှင့် ထိတွေ့မှု၏ အခြေခံအမှတ်ပင်ဖြစ်၍ အပြန်အလှန်ဆက်သွယ်ရေးကို ချောမွေ့စေပြီး Shareholders များ၏ မေးမြန်းချက်များအတွက် တိကျသည့်အဖြေများကို အချိန်မီ ပံ့ပိုးပါသည်။

**Shareholder တုံ့ပြန်မှုလုပ်ငန်းစဉ်**။ ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်၍ Shareholders ၏ တုံ့ပြန်မှုများနှင့် အကြံဉာဏ်များပေးပို့ခြင်းကို မိမိတို့ လှိုက်လှိုက်လှဲလှဲ အားပေးပါသည်။ မိမိတို့သည် Shareholder တို့၏ သွင်းအားများကို စုဆောင်းရန်နှင့် အကဲဖြတ်ရန်အတွက် စစ်တမ်းများ၊ Online Portals နှင့် တိုက်ရိုက် ဆက်သွယ်ရေးလမ်းကြောင်းများကဲ့သို့သော Shareholders တုံ့ပြန်မှုအစီအစဉ်ကို ဆက်လက်ထိန်းသိမ်းပါသည်။ ဤတုံ့ပြန်မှုအစီအစဉ်သည် မိမိတို့၏ Decision-making လုပ်ငန်းစဉ်သို့ သတင်းအချက်အလက်ပေးပို့၍ Shareholders ၏ လိုလားချက်များကို ပိုမိုနားလည် ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

**ကိုယ်စားမဲပေးခြင်းနှင့် Shareholder ဆုံးဖြတ်ချက်များ**။ Shareholders ၏ မဲပေးပိုင်ခွင့်ကို မိမိတို့လေးစား၍ ယင်းတို့၏မဲများကို အမှန်တကယ် တိကျစွာ မှတ်တမ်းတင်၍ ရေတွက်သည်။ မိမိတို့သည် ကိုယ်စားမဲပေးမှုအတွက် လွယ်ကူစွာ ဆုံးဖြတ်ချက်ချနိုင်ရန် ရှင်းလင်းပြည့်စုံသည့် မဲပေးခြင်းနှင့် ကိုယ်စားမဲပေးမှုဆိုင်ရာ စာရွက်စာတမ်းများ ပံ့ပိုးသည်။ Shareholders တို့က ဆုံးဖြတ်ချက်များကို တင်ပြသည့်အခါ ဖြစ်နိုင်၊ မဖြစ်နိုင်ချိန်ဆ၍ မည်သည့်ပြဿနာအတွက်မဆို ဖြေရှင်းရန် (သို့မဟုတ်) အလားအလာရှိသည့် အဖြေများကို ဖော်ထုတ်ရန် ဆွေးနွေးညှိနိုင်းသည်။

**အစီရင်ခံခြင်းနှင့် ပွင့်လင်းမြင်သာမှု**။ အစီရင်ခံတင်ပြရာတွင် ပွင့်လင်းမြင်သာမှု ရှိစေရပါသည်။ မိမိတို့၏ Annual Reports, Financial Statements နှင့် Sustainability Reports တို့တွင် မိမိတို့သည် တိကျ၍ ပြည့်စုံသည့် သတင်းအချက်အလက်ကိုသာ တင်ပြလျက်ရှိပါသည်။ သတ်မှတ်ထားသည့် ပုံမှန်အစီရင်ခံခြင်းနှင့် လုပ်ငန်းစံနှုန်းများထက်သာလွန်စေရန် မိမိတို့ကြိုးစားအားထုတ်၍ Shareholders ကိုလည်း လိုအပ်သော သတင်းအချက်အလက်ကို ယုံကြည်စိတ်ချစွာ ရယူပိုင်ခွင့်ရှိရန် ကြိုးပမ်းလျက်ရှိပါသည်။

E.F.R Group သည် Shareholders တို့၏ အမြင်များနှင့် ပါဝင်မှုကို တန်ဖိုးထားပါသည်။ အားကောင်းသည့် Shareholder ထိတွေ့မှုကို ကြိုတင်လုပ်ဆောင်ထားသည့် ဆက်သွယ်ရေး၊ ပွင့်လင်းမြင်သာမှုနှင့် အများပါဝင်နိုင်မှုတို့မှတစ်ဆင့် အားပေးရန် လေးလေးနက်နက် ဆုံးဖြတ်ထားပါသည်။ Shareholder တို့နှင့် ထိတွေ့ဆက်ဆံခြင်းဖြင့် မိမိတို့သည် သူတို့၏ ဦးစားပေး အစီအစဉ်များကို ပိုမိုနားလည်လာစေပါသည်။ မိမိတို့၏ဗျူဟာများကိုလည်း သူတို့၏ လိုလားချက်များနှင့် ချိန်ညှိထားနိုင်ပါသည်။ ထို့ပြင် အပြန်အလှန်ယုံကြည်မှုနှင့် အကျိုးစီးပွားအပေါ် အခြေခံသည့် ရေရှည်ဆက်ဆံရေးကိုလည်း တည်ထောင်နိုင်မည်ဖြစ်ပါသည်။

# STAKEHOLDER
# စီမံခန့်ခွဲမှု

Stakeholder အကျိုးစီးပွား၏ ထူးခြားမှုကို အသိအမှတ်ပြုသည်ဖြစ်ရာ မိမိတို့သည် ဝန်ထမ်းများ၊ ဖောက်သည်များ၊ Supplier များ၊ မိမိတို့ စီးပွားရေးလုပ်ကိုင်ရာ အသိုင်းအဝိုင်းများနှင့် တက်ကြွစွာ ပါဝင်လုပ်ဆောင်လျက်ရှိပါသည်။ ဆက်သွယ်မှုများ ခိုင်မာစေရန် ကြိုးစားလုပ်ဆောင်၍ ယင်းတို့၏တုံ့ပြန်မှုများကို ဂရုတစိုက် အလေးထားလျက်ရှိပါသည်။ ထို့ပြင် မိမိတို့၏ ရွေးချယ်မှုများသည် Stakeholders တို့အပေါ် ပိုမိုကျယ်ပြန့်စွာ သက်ရောက်စေနိုင်ရန်နှင့် လူ့အဖွဲ့အစည်းသို့လည်း အပြုသဘောအကျိုးပြုစေရန် အာမခံပါသည်။ မိမိတို့၏အောင်မြင်မှုသည် Stakeholder တို့၏ အားထားမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် ဝယ်လိုအား ဖန်တီးပေးနိုင်မှုတို့နှင့် နီးစပ်စွာ ဆက်နွယ်နေကြောင်းကို E.F.R Group မှ ကောင်းစွာသဘောပေါက်ပါသည်။

## Stakeholder ထုတ်ဖော်သတ်မှတ်ခြင်း

မိမိတို့သည် Stakeholders တို့၏ ဩဇာသက်ရောက်မှုအနေအထား၊ သက်ရောက်မှုနှင့် မိမိတို့လုပ်ငန်းများအပေါ် အားထားမှုတို့ကိုအခြေခံ၍ ယင်းတို့အပေါ် ဦးစားပေးသတ်မှတ်သည်။ မိမိတို့၏ အထင်ရှားဆုံးသော Stakeholders တို့မှာ -

**Shareholders and Investors** မိမိတို့သည် Shareholders, Investors နှင့် ပွင့်လင်းဖြောင့်မတ်သည့် ဆက်နွယ်မှုကို မပြတ်ထိန်းသိမ်းသည်။ တိကျမှန်ကန်သည့် သတင်းအချက်အလက်ကို အချိန်မီပေးပို့ခြင်းဖြင့် ယင်းတို့၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို ထောက်အပံ့ပေး၍ ယင်းတို့သိလိုသည်များနှင့် စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးသည်။

**ဖောက်သည်များ** ဖောက်သည်များ၏ လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးနိုင်ရန် မိမိတို့ ကြိုးပမ်းအားထုတ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အရည်အသွေးမြင့်မားသည့်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကိုပေးအပ်၍ ခိုင်မာသောဆက်ဆံရေးကို ထိန်းသိမ်းသည်။ မိမိတို့၏ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်နေစေရန်နှင့် ဖောက်သည်များ၏ အတွေ့အကြုံများအပေါ် သက်ရောက်မှုတို့သည်လည်း အလုံးစုံကောင်းမွန်လာရန်အတွက် မိမိတို့သည် ယင်းတို့ထံမှ တုံ့ပြန်မှုများကို လိုလိုလားလား စောင့်စားလျှက်ရှိသည်။

**ဝန်ထမ်းများ** ဝန်ထမ်းများသည် မိမိတို့အောင်မြင်မှုအတွက် အရေးပါသည့် သွင်းအားစုများအဖြစ် ကောင်းမွန်စွာ နားလည်သဘောပေါက်သည်။ မိမိတို့သည် ဝန်ထမ်းများ၏ သာရေး၊ နာရေးကို ဦးစားပေး၍ လုံခြုံပြည့်စုံသည့် လုပ်ငန်းပတ်ဝန်းကျင်ကို ဖန်တီးပြီး ကျွမ်းကျင်မှုမြင့်မားလာစေရန် လုပ်ဆောင်သည်။ ထို့ပြင် လေးစားမှုနှင့် ပူးပေါင်းလုပ်ဆောင်မှု အလေ့အထကို အားပေးသည်။

**ကုန်တင်သွင်းသူများနှင့် စီးပွားရေးမိတ်ဖက်များ** အတူတကွ ဖွံ့ဖြိုးမှုနှင့် အောင်မြင်မှုတို့ကို အတူအကွစံစားနိုင်စေရန် မိမိတို့၏ ကုန်တင်သွင်းသူများ၊ စီးပွားရေးမိတ်ဖက်များနှင့် နီးကပ်စွာ အလုပ်လုပ်သည်။ မိမိတို့သည် ပွင့်လင်းမြင်သာ၍ မျှတသည့် ဆက်ဆံရေးကို တည်တံ့စေ၍ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာပြီး၊ ရေရှည်တည်တံ့သည့် ထောက်ပံ့ရေးကွင်းဆက်ကို ပြုစုပျိုးထောင်သည်။

**Communities and Society** တာဝန်သိကော်ပိုရိတ်အဖွဲ့ဝင်များဖြစ်စေရန် မိမိတို့ အစဉ်ကြိုးစား၍ မိမိတို့လုပ်ငန်းလုပ်ကိုင်သည့်နေရာမှ လူ့အဖွဲ့အစည်းများနှင့် တက်ကြွစွာ ထိတွေ့ဆက်ဆံသည်။ လူမှုအဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်သာယာရေးအတွက် ဖန်တီးမှုများကို မိမိတို့ထောက်ခံသည်။ ထို့ပြင် ဒေသစီးပွားရေး တိုးတက်မှုအတွက် ပါဝင်လုပ်ဆောင်သွားမည်ဖြစ်ပြီး အပြုသဘောဆောင်သည့် ဆက်ဆံရေးကို အားပေးထောက်ပံ့သည်။

# အရေးကြီးသော
# နောက်ခံ အချက်အလက်များ

| စဉ် | အမည် | ရာထူး (ဒါရိုက်တာ၊ မန်နေးဂျင်းဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် စသည်ဖြင့်) | အမှုဆောင် ဒါရိုက်တာ (ဟုတ်/မဟုတ်) | သီးခြား လွတ်လပ်သော ဒါရိုက်တာ (ဟုတ်/မဟုတ်) | အရေးကြီးသော နောက်ခံအချက်အလက်နှင့် ရယူထားသော ရာထူး |
|---|---|---|---|---|---|
| ၁။ | ဦးကျော်လွင်ဦး | အမှုဆောင်ဒါရိုက်တာ | ဟုတ် | မဟုတ်ပါ | 1. Ever Flow River Agro Venture Co., Ltd. (Director)<br>2. EFR Hotel Group Co., Ltd. (Director) |
| ၂။ | ဦးမောင်မောင်ဦး | အမှုဆောင်ဒါရိုက်တာ | ဟုတ် | မဟုတ်ပါ | မရှိပါ |
| ၃။ | ဦးသန်းအောင် | အမှုဆောင်ဒါရိုက်တာ | ဟုတ် | မဟုတ်ပါ | မရှိပါ |
| ၄။ | ဒေါ်ခင်ဆုံ | အမှုဆောင်ဒါရိုက်တာ | ဟုတ် | မဟုတ်ပါ | 1. Golden Host Travels & Tours Co., Ltd. (Director)<br>2. Win Wealth Trading Co., Ltd. (Director) |
| ၅။ | ဦးမင်းစိန် | လွတ်လပ်သောဒါရိုက်တာ | မဟုတ်ပါ | ဟုတ် | မရှိပါ |
| ၆။ | ဒေါ်လှသိင်္ဂီ | လွတ်လပ်သောဒါရိုက်တာ | မဟုတ်ပါ | ဟုတ် | မရှိပါ |
| ၇။ | ဦးသန်းအောင် | လွတ်လပ်သောဒါရိုက်တာ | မဟုတ်ပါ | ဟုတ် | မရှိပါ |

# စွမ်းဆောင်ရည်
# ပြန်လည်သုံးသပ်ချက်နှင့်
# အနာဂတ် အလားအလာ

# 2024-2025
# ဘဏ္ဍာနှစ်၏ ထူးခြားချက်များ

## ၂၀၂၄ - ၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်အတွက် စုစုပေါင်းဝင်ငွေ

## မြန်မာငွေ ၃၀,၃၈၉,၄၀၇,၇၃၃ ကျပ်

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်များတွင် E.F.R Group သည် ဝင်ငွေအနေဖြင့် ၄၄ ဒသမ ၈၁ ဘီလီယံ မြန်မာကျပ်ရရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၂ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပါသည်။ ဤကျဆင်းမှုသည် ဖောက်သည်အသစ်များကို အောင်မြင်စွာ ဆွဲဆောင်နိုင်ခြင်းရှိခဲ့သော်လည်း လုပ်ငန်းဝန်ဆောင်ပေးနိုင်မှုပမာဏသည် ကုန်စည်စီးဆင်းမှုအရ အနည်းငယ် လျော့ကျခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

## ၂၀၂၄ - ၂၀၂၅ ခုနှစ်အထိ ဝန်ဆောင်မှုပေးခဲ့သော ဖောက်သည်များ

## စုစုပေါင်း ၁၅၉၂ ယောက်

Customer စိတ်ကြိုက်ဖြေရှင်းနည်းများ၊ ယုံကြည်စိတ်ချရသော ပို့ပိုးမှုများနှင့် တက်ကြွသော ဆက်သွယ်မှုကို ဦးစားပေးခြင်းဖြင့်၊ မိမိတို့ဖောက်သည်၏ စိတ်ကျေနပ်မှုကို ဦးစားပေး လုပ်ဆောင်လျက်ရှိပါသည်။ ဤနည်းလမ်းသည် ထူးခြားသော ဖောက်သည် ထိန်းသိမ်းမှုနှုန်းနှင့် အပြုသဘောဆောင်သော သုံးသပ်ချက်များ၏ တစ်သမတ်တည်း စီးဆင်းမှုကို ဖြစ်ပေါ်စေပြီး မိမိတို့၏တုံ့ပြန်မှုအချိန်များ၊ လိုက်လျောညီထွေရှိမှုနှင့် အချိန်မှန် ပေးပို့မှုများကို သိသာထင်ရှားပါသည်။

## ဝန်ထမ်းစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး ပရိုဂရမ်များကို စီစဉ်ပေးနိုင်ခဲ့ပါသည်

မိမိတို့သည် ဝန်ထမ်းစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များနှင့် ပရော်ဖက်ရှင်နယ်တိုးတက်မှုအတွက် အခွင့်အလမ်းများကို ပေးဆောင်ခြင်းဖြင့် ကျွန်ုပ်တို့၏လုပ်သားအင်အားကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ထိတွေ့ဆက်ဆံမှုကို အလေးပေးခြင်းဖြင့် ကျွန်ုပ်တို့သည် မြင့်မားသော စိတ်အားထက်သန်ပြီး ကျွမ်းကျင်သောအဖွဲ့ကို မွေးမြူထားကာ ဝန်ဆောင်မှုအရည်အသွေးနှင့် လုပ်ငန်းဆောင်ရွက်မှု စွမ်းဆောင်ရည်ကို မြှင့်တင်ပေးပါသည်။

# ပြန်လည်သုံးသပ်ချက်နှင့် အနာဂတ်မျှော်မှန်းချက်

## EFR ၏ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပင်လယ်ရေကြောင်းပို့ဆောင်ရေးကဏ္ဍနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးကဏ္ဍတို့တွင် အပြောင်းအလဲအခြေနေများရှိခဲ့ပြီး ကုန်သွယ်ရေးလမ်းကြောင်း ပုံစံသစ်ဖြင့် ဆောင်ရွက်ခဲ့ရသည့် အနေထားများရှိခဲ့ပါသည်။

ရေကြောင်းပို့ဆောင်ရေးကဏ္ဍဖြင့် ပို့ဆောင်ရွက်နေသော Normal Trade တွင်လည်း သွင်းကုန်၊ ပို့ကုန် လိုင်စင်အခြေအနေများကြောင့် ကုန်စည်စီးဆင်းမှု တုံးဆိုင်းခဲ့သလို၊ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ နှောင့်နှေးကျဆင်းမှုများရှိခဲ့ပါသည်။

၎င်းအခြေအနေသည် Logistic ကို အခြေခံပြီး လုပ်ဆောင်နေသည့် EFR Group အတွက် စိန်ခေါ်မှုများ ဖြစ်ခဲ့ပါသည်။

### Financial Performance

၂၀၂၄-၂၀၂၅ ခုနှစ်အတွက် စုစုပေါင်းဝင်ငွေနှင့် အမြတ်အစွန်းတွင်လည်း ၂၀၂၃-၂၀၂၄ ခုနှစ်ထက် သိသိသာသာတိုးတက်လာတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာလဲ ကောင်းမွန်သော ကော်ပိုရိတ်စီမံခန့်ခွဲမှုများ၊ ခိုင်မာသည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုများကြောင့် ဖြစ်တယ်ဆိုတာလည်း ထင်ဟပ်စေပါတယ်။

### Expense & Investment

ကုမ္ပဏီသည် Logistic Infrastructure ကဏ္ဍတွင် အနာဂတ်အရင်းမြစ်များအဖြင့်ရည်မှန်း၍ ဆက်လက်ရင်းနှီးမြှုပ်နှံလျက်ရှိပါသည်။ ထို့ပြင် လုပ်ငန်းသစ်များတိုးချဲ့ခြင်း၊ လိုအပ်သော Truck၊ ယန္တာရားများအား ဝယ်ယူခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းမြစ်ကြောင်းများအတွင်း - ဆိပ်ခံတံတားများ တည်ဆောက်ခြင်း၊ Barge Service များစီစဉ်ခြင်း၊ ကုန်ပစ္စည်းနှင့် ကုန်သေတ္တာထားသိုစခန်းများ တည်ဆောက်ခြင်းဆိုင်ရာ Project များကိုလည်း အကောင်အထည်ဖော်လျှက်ရှိပါသည်။

အရေးပါသောကဏ္ဍအနေနဲ့ Myanmar - Thai Border မှ ပို့ဆောင်ရေးကဏ္ဍကို ပိုမိုကျယ်ပြန့်စွာဖြင့် ရန်ကုန်-ကော့သောင်း-ရနောင်း-ရန်ကုန် ပုံမှန်သင်္ဘောပြေးဆွဲလျက်ရှိပြီး Border Trade သာမက Regular Trade ကုန်ပစ္စည်းများကို ပို့ဆောင်ပေးနိုင်နေပြီဖြစ်သည်။ EFR မှလည်း Singapore မှ Business Partner တစ်ဦးနှင့်ပူးတွဲ၍ သင်္ဘောတစ်စီး ပါဝင်ပြေးဆွဲလျှက်ရှိပါသည်။

ကုန်လှောင်ရုံများသည် ပြည်တွင်း-ပြည်ပ ကုန်သွယ်ရေးလုပ်ငန်းအတွက်လည်း အရေးပါသော ကွင်းဆက်တစ်ခုဖြစ်ပြီး International / Domestics နှစ်ခုစလုံးအတွက် ကုန်စည်ပို့ဆောင် ဖြန့်ဖြူးရေးလုပ်ငန်းစဉ် တစ်ခုလုံးအတွက် အချိတ်ဆက်တစ်ခုအဖြစ် အလွန်အရေးပါလှသောကြောင့် EFR Group သည် Warehousing လုပ်ငန်းတွင်လည်း တိုးချဲ့ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပါသည်။

### Net Income

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် Logistics/Transportation ကဏ္ဍတွင် စိန်ခေါ်မှုများကို ဆက်ရင်ဆိုင်ခဲ့ရသော်လည်း ကောင်းမွန်သော ကော်ပိုရိတ်စီမံခန့်ခွဲမှုခိုင်မာသည့် ဘဏ္ဍာရေးစီမန်ခန့်ခွဲမှုနှင့် Management နဲ့ ဝန်ထမ်းများရဲ့ စုပေါင်းကြိုးစားအားထုတ်မှုတို့ကြောင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင် အမြတ်ငွေများ သိသိသာသာ တိုးတက်ရရှိခဲ့တာဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## Operation Highlight

### Freight Forwarding and Logistic

Freight Forwarding & Logistic ကဏ္ဍတွင် EFR Group သည် 3PL, 4PL ပုံစံနှင့် အပြည့်အဝ ပါဝင်လုပ်ဆောင်ဖြည့်ဆည်းပေးနိုင်ရေးအတွက် လိုအပ်သည့် Logistics Infrastructure များဖြစ်သည့် Warehouse များ၊ Trucks များ၊ ယန္တရားများ၊ ကုန်သေတ္တာလွင်ပြင်များကို ဖြည့်ဆည်းဆောင်ရွက်ပြီး ဖြစ်သည့်အပြင် ခေတ်နဲ့အညီ International Network များနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်သည့် နည်းပညာများ၊ System Software များကိုလည်း ပြည့်စုံစွာတပ်ဆင်၍ လုပ်ဆောင်နေပြီဖြစ်ပါသည်။ EFR Group ၏ကိုယ်ပိုင် MIS Team ကလည်း အပြည့်အဝ ဖြည့်ဆည်းပေးလျက်ရှိပါသည်။

ဆက်လက်ဆောင်ရွက်ဆဲ Logistic Infrastructure များကိုလည်း အချိန်နှင့်တစ်ပြေးညီ အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာပြည်၏ အဓိက Export ကုန်များဖြစ်ကြသည့် ဆန်၊ စပါး၊ ပဲ၊ ပြောင်း၊ အဝတ်အထည်၊ ရေထွက်ကုန်တို့အတွက် အဆင်ပြေကိုက်ညီမည့် Logistics ပုံစံကို ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် Import ကုန်များ အထူးသဖြင့် Project Cargo Handling အတွက် လိုအပ်မည့်စက်စပ်ယန္တရားများ၊ နည်းပညာများကိုလည်း ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါသည်။

### ပင်လယ်ရေကြောင်းပို့ဆောင်ရေးကဏ္ဍများ

ပင်လယ်ရေကြောင်းပို့ဆောင်ရေးမှတစ်ဆင့် မြန်မာနိုင်ငံ၏ အဓိက ပို့ကုန်ပစ္စည်းများဖြစ်သည့် စပါး၊ ပဲ၊ အထည်ချုပ်၊ ရေထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့ ပို့ဆောင်ပေးလျက်ရှိပါသည်။ Import အနေဖြင့် စက်ပစ္စည်း၊ အင်ဂျင်အစိတ်အပိုင်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ Projects များနှင့်ပတ်သက်သည့် ပစ္စည်းများ၊ ဆေးဝါးများ စသည်ဖြင့် ဝင်ရောက်လျက်ရှိပါသည်။ Sea Freight အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်များတွင် ၁၃ ရာခိုင်နှုန်း တိုးတက်လာပါသည်။

EFR Group သည် Sea Freight ကဏ္ဍတွင် အထူး အားကောင်းလာသည်နှင့်အညီ သင်္ဘောလိုင်းများနှင့် Business Partner များအဖြစ် ပူပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင်လည်း ထဲထဲဝင်ဝင်ဆောင်ရွက်နိုင်ရန်- မြစ်ကြောင်းများအတွင်း ဆိပ်ခံတံတားများ တည်ဆောက်ခြင်း၊ Barge Service များစီစဉ်ခြင်း၊ ကုန်ပစ္စည်းနှင့်ကုန်သေတ္တာထားသိုစခန်းများ တည်ဆောက်ခြင်း Projects များကိုလည်း အကောင်အထည်ဖော်လျှက်ရှိပါသည်။

အရေးပါသော ကဏ္ဍအနေနဲ့ Myanmar - Thai Border မှ ပို့ဆောင်ရေးကဏ္ဍကို ပိုမိုကျယ်ပြန့်စွာဖြင့် ရန်ကုန်-ကော့သောင်း-ရနောင်း-ရန်ကုန် ပုံမှန်သင်္ဘောပြေးဆွဲလျက်ရှိပြီး Border Trade သာမက Regular Trade ကုန်ပစ္စည်းများကို ပို့ဆောင်ပေးနိုင်နေပြီဖြစ်သည်။ EFR မှလည်း Singapore မှ Partner တစ်ဦးနှင့်ပူးတွဲ၍ သင်္ဘောတစ်စီး ပါဝင်ပြေးဆွဲလျက်ရှိပါသည်။

### လေကြောင်းပို့ဆောင်ရေးကဏ္ဍ

E.F.R Group သည် လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် လေကြောင်းလိုင်းများ၏ GSA, CSA အဖြစ် ဆောင်ရွက်လျှက်ရှိသည့်အပြင် Freighter များဖြင့် ကုန်ပစ္စည်း အမြောက်အများ ပို့ဆောင်ပေးခြင်း၊ Customer Clearance ဆောင်ရွက်ပေးခြင်းတို့အပြင် Door Delivery အဖြစ် Customer များ၏ လိုအပ်သည်နေရာများ အရောက်ပို့ဆောင်ပေးသည့် Services ကိုလည်း ဆောင်ရွက်ပေးနေပါသည်။ ထို့ပြင် E.F.R Group အောက်တွင်ရှိသော Business Unit တစ်ခုဖြစ်သည့် Myanmar Elite Services မှလည်း မကြာမီကာလအတွင်း Courier Services ကို စတင်တော့မှာ ဖြစ်ပါသည်။

## Warehousing and Distribution

E.F.R Group ၏ ကိုယ်ပိုင် Warehouses များအပြင် မိမိ Partner များ၏ ကုန်လှောင်ရုံများနှင့်ပါ အကျိုးတူပူးပေါင်း ဆောင်ရွက်လျှက်ရှိသည့်အပြင် ကုန်ထုပ်လုပ်မှုအတွက် အရေးပါသော နေရာများ၊ Logistics အတွက် Strategies ဖြစ်မည့်နေရာ များတွင်ပါ ကုန်သိုလှောင်ရုံများ တို့ချဲ့တည်ဆောက်သွားဖို့ စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။

ကုန်လှောင်ရုံများသည် ကုန်သွယ်ရေးလုပ်ငန်း Process အတွက်လည်း အရေးပါသော ကွင်းဆက်တစ်ခုဖြစ်ပြီး International / Domestics နှစ်ခုစလုံးအတွက် ကုန်စည်ပို့ဆောင် ဖြန့်ဖြူးရေးလုပ်ငန်းစဉ် တစ်ခုလုံးအတွက် အချိတ်ဆက်တစ်ခု အဖြစ် အလွန်အရေးပါလှသောကြောင့် E.F.R Group သည် Warehousing လုပ်ငန်းတွင်လည်း တိုးချဲ့ရင်းနှီးမြှုပ်နှံသွားမည် ဖြစ်ပါသည်။

## Logistics Infrastructure ဆိုင်ရာ Projects များဆောင်ရွက်ခြင်း

E.F.R Group ၏ အရေးပါးဆုံး ရင်းနှီးမြှုပ်နှံမှုတွင် Logistics Infrastructure တည်ဆောက်ရေးကဏ္ဍတွင် ရင်းနှီး မြှုပ်နှံမှုသည် အဓိကကျပါသည်။

လက်ရှိတွင်လည်း ရန်ကုန်၊ မန္တလေးတို့တွင် Logistics Centre များတည်ဆောက်ပြီး လုပ်ငန်းများ စတင်လည်ပတ်နေပြီ ဖြစ်သလို အခြား Strategies ကျသည့်နေရာများတွင်လည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ကုန်သွယ်ရေးကဏ္ဍ

E.F.R Group အောက်ရှိ ကုမ္ပဏီတစ်ခုဖြစ်သော Ever Flow River Trading Company အနေဖြင့်လည်း မြန်မာနိုင်ငံမှ ထွက်ရှိသော Rubber များကို Export ကုန်အဖြစ် ဈေးကွက်အတွင်းသို့ စတင်ပို့ကာ ရောင်းချနေသလို သွင်းကုန်အနေဖြင့် ဆန်စပါး ကြိတ်စက်များတွင် အသုံးပြုသည့် Rubber Roller များကို တင်သွင်းဖြန့်ဖြူးရောင်းချလျှက်ရှိပါသည်။

အနာဂတ်တွင် မြန်မာနိုင်ငံမှထွက်ရှိသော ဆန်၊ ပဲ၊ ပြောင်း စသည့် စိုက်ပျိုးရေးထွက်ကုန်များကိုလည်း နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့ရောင်းချရန် စီစဉ်ဆောင်ရွက်လျှက်ရှိပါတယ်။

## စိုက်ပျိုးရေးကဏ္ဍ

စိုက်ပျိုးရေးကဏ္ဍတွင်လည်း နေပြည်တော်အနီး ရေနီဒေသ၌ 'ပီလောပီနံ'ကို စီးပွားဖြစ် စတင်စိုက်ပျိုးနေပြီဖြစ်ပြီး စီးပွားရေးအရ အမြတ်အစွန်းရရှိမည့် လုပ်ငန်းတစ်ခုအဖြစ် အနာဂတ်မှာ တွေ့မြင်လာမှာဖြစ်ပါတယ်။

# Strategic Initiatives

## Expansion and Diversification

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကုမ္ပဏီသည် Logistics Supply Chain နှင့်ဆက်စပ်၍ အထောက်အကူပြုစေရန် လုပ်ငန်းအသစ်များ ချဲ့ထွင်၍ ရင်းနှီးမြှုပ်နှံလျှက်ရှိပြီး ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများအတွက် အကောင်းဆုံး ပြင်ဆင်ဆောင်ရွက် ခဲ့ခြင်းများရှိခဲ့ပါသည်။

## Sustainability

ကုမ္ပဏီအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မာရေးဆိုင်ရာ ရည်မှန်းချက်များကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။ ကုမ္ပဏီ၏ ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် သဘာဝ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပျက်စီးယိုယွင်းမှု မဖြစ်စေရေး၊ လူမှုရေးတာဝန်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်စေရေးအတွက် သတ်မှတ် စည်းကမ်းများ၊ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျှက်ရှိပါသည်။

## Human Resources

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသည် လုပ်ငန်းများတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မာရေးအတွက် အရေးပါသည့်အလျောက် ကုမ္ပဏီအုပ်စုအောက်ရှိဝန်ထမ်းများအား လိုအပ်သောနည်းပညာများကို သင်ကြားပေးခြင်း၊ မျိုးဆက်သစ်လူငယ်များ ရွေးချယ်ခန့်ထားလေ့ကျင့်ခြင်းနှင့် ကောင်းမွန်သော အလုပ်အခွင့်အလမ်းများ ဖန်တီးပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

## Compliance and Governance

ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်သည်နှင့်အညီ ကုမ္ပဏီသည် ရှယ်ယာရှင်များ၏ ရှယ်ယာတန်ဖိုးများမြင့်တက်စေရေးအတွက် ကုမ္ပဏီ၏လုပ်ငန်းများ တိုးတက်စေရန် ဆောင်ရွက်လျက်ရှိပြီး ရှယ်ယာတစ်စု၏ ဝင်ငွေတိုးတက်ရေး၊ အမြတ်ဝေစုများရရှိစေရေးကို ဆက်လက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## Outlook

ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာအသစ်များနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ထပ်မံတိုးချဲ့ပြီး ကုမ္ပဏီ၏ အနာဂတ်တိုးတက်မှုများအတွက် အခြေခံအုတ်မြစ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

## Conclusion

ဖော်ပြခဲ့သလို စနစ်တကျနှင့် နည်းလမ်းမှန်မှန်ဆောင်ရွက်ခဲ့ခြင်းများကြောင့် ယခင် ဘဏ္ဍာရေးနှစ်နှင့်နှိုင်းယှဉ်လျှင် အမြတ်ငွေများစွာ တိုးတက်ရရှိခဲ့တာ ဖြစ်ပါတယ်။ နောင်လာမည့်နှစ်များတွင်လည်း ယခုဘဏ္ဍာနှစ်ကဲ့သို့ အမြတ်ငွေ ပိုမိုရရှိနိုင်အောင် ကြိုးစားလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

## ဈေးကွက်ရှာဖွေရေးနှင့် ရောင်းချရေး နည်းလမ်းများ

E.F.R Group သည် ကျယ်ပြန့်သော ဈေးကွက်ရှာဖွေရေးနည်းလမ်းများကို အသုံးပြု၍ တစ်ဦးချင်း Customer များနှင့် Corporate Customer များကို ရှာဖွေဆွဲဆောင်လျှက်ရှိပါသည်။ သမားရိုးကျ ဈေးကွက်ရှာဖွေရေး နည်းလမ်းများအပြင် ခေတ်မီ Digital ဈေးကွက်ရှာဖွေရေး နည်းလမ်းများကိုပါ ထိရောက်စွာ အသုံးပြုလျက်ရှိပါသည်။

## ကုမ္ပဏီ၏ အားသာချက်များနှင့် Customer များကို ဆွဲဆောင်ခြင်း

E.F.R Group ၏ အားသာချက်များဖြစ်သော ကိုယ်ပိုင်သိုလှောင်ရုံများရှိခြင်း၊ ကိုယ်ပိုင်ကုန်တင်ယာဉ်များရှိခြင်း၊ Customs Clearance အပါအဝင် Importer/Exporter များအတွက် One Stop Service ပုံစံဖြင့် ဆိပ်ကမ်း၊ လေဆိပ်တို့မှ Customer များ၏ အလိုရှိရာနေရာများသို့ အရောက်စီစဉ်ပေးနိုင်ခြင်း၊ တစ်ကမ္ဘာလုံးနှင့်လည်း ကျယ်ပြန့်သော Networks ရှိနေခြင်း၊ Normal Trade အပြင် Border Trade ဖြင့်လည်း စီစဉ်ပေးနိုင်ခြင်း၊ လုပ်ငန်းအတွေ့အကြုံ အနှစ်(၂၀)နှင့်အထက်ရှိသူများက ဦးဆောင်၍ ဆောင်ရွက်နေခြင်း၊ E-Commerce ကို အသုံးပြုခြင်း၊ Digital စနစ်ဖြင့် ခေတ်မီသောပုံစံကိုအသုံးပြု၍ ဆောင်ရွက်နေသောကြောင့် မြန်ဆန်တိကျခြင်း စသည့်အားသာချက်များကြောင့် Regular Customers ၏ စိတ်ကျေနပ်မှုများကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်သလို Customer အသစ်များကိုလည်း ဆွဲဆောင်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။

ကုမ္ပဏီသည် ယှဉ်ပြိုင်မှု အားသာချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- Sales Structure နှင့် ရောင်းချရေးနည်းလမ်းများကို ကျစ်လျစ်ထိရောက်သောပုံစံဖြင့် ဖွဲ့စည်းထားခြင်း။
- ဆန်းသစ်တီထွင်မှု၊ ထိရောက်တိကျသော ဝန်ဆောင်မှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ Infrastructure များ ပြည့်စုံမှု၊ Networks ကျယ်ပြန့်မှု၊ ပြည့်စုံသော ဝန်ဆောင်မှုပေးနိုင်ခြင်း၊ Trade ပုံစံမျိုးစုံဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း။
- ခိုင်မာသော Corporate ဖွဲ့စည်းမှု၊ Corporate Commence စနစ်များထားရှိခြင်း။
- အာမခံစနစ်များ ဆောင်ရွက်ပေးနိုင်ခြင်း၊ ဥပဒေရေးရာများတွင် ကျွမ်းကျင်သော ပညာရှင်များ ထားရှိခြင်း၊ ကဏ္ဍစုံအတွက် အတိုင်ပင်ခံများ ထားရှိခြင်း။

## အလယ်အလတ်နှင့် ရေရှည်ဈေးကွက်ရှာဖွေရေး ဗျူဟာများ

E.F.R Group သည် ချမှတ်ထားသည့် Vision / Mission များနှင့်အညီ ဆောင်ရွက်အကောင်အထည်ဖော်လျှက်ရှိပြီး လိုအပ်သည့် Infrastructure များ၊ Human Resources များ၊ နည်းပညာများ၊ ဘဏ္ဍာရေးများ၊ ဥပဒေရေးရာများ၊ အာမခံဆိုင်ရာကိစ္စများ စသည်တို့ကို အစဉ် ဖြည့်ဆည်းဆောင်ရွက်လျှက် ခေတ်မီနည်းစနစ်များ၊ သမားရိုးကျနည်းလမ်းများကို အသုံးပြု၍ ရေရှည်ရေတို နှစ်ခုစလုံးအတွက် ဈေးကွက်ရှာဖွေရေးကို ဆောင်ရွက်နေပါသည်။ အထူးသဖြင့် ကျယ်ပြန့်လှသော Logistics ကဏ္ဍတွင် Global အတိုင်းအတာဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်အောင် ဦးစားပေး အကောင်အထည်ဖော်လျှက်ရှိပါသည်။

# ကုန်တင်သင်္ဘောဖြင့်သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း
# ထိုင်း-မြန်မာ ကုန်သွယ်ရေးနယ်စပ်တွင် ကုန်စည်များ
# လွယ်ကူလျင်မြန်စွာစီးဆင်းရေးအတွက် ထောက်ပံ့ဆောင်ရွက်ပေးခြင်း
# (ရနောင်း-ကော့သောင်း-ရန်ကုန် လမ်းကြောင်း)

## (က) လက်ရှိဆောင်ရွက်လျက်ရှိသော နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးလုပ်ငန်းနှင့် အခက်အခဲများကို ကျော်လွှားခြင်း

ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်စေရန်နှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရာတွင် ယခင်ကကြုံတွေ့ခဲ့သော အခက်အခဲများကိုဖြေရှင်းနိုင်ရန် EFR သည် ရန်ကုန်-ကော့သောင်း-ရနောင်း နှင့် ရနောင်း-ကော့သောင်း-ရန်ကုန် အကြား ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုကို အောင်မြင်စွာ စတင်အသုံးပြုနိုင်ခဲ့ပါသည်။ အဆိုပါ ကုန်သွယ်ရေးလမ်းကြောင်းကိုအသုံးပြု၍ လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ချမှတ်ထားသော လုပ်ငန်းစဉ်များကို အပြည့်အဝလိုက်နာ၍ ဆောင်ရွက်ခဲ့ပြီး နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးဆောင်ရွက်ချက်များသည် သိသိသာသာ လွယ်ကူမြန်ဆန်ခဲ့ပါသည်။ လက်ရှိတွင် EFR လက်အောက်ရှိ Strategic Business Unit (SBU) တစ်ခုဖြစ်သော Gold Shipping Agency Services Limited သည် အထက်ပါဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဆိပ်ကမ်းတစ်ခုမှတစ်ခုသို့ ကုန်တင်သင်္ဘောဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်ခြင်းကို အစမှအဆုံးအထိ တာဝန်ယူစီမံခန့်ခွဲပါသည်။






## (ခ) ထိုင်း–မြန်မာ ကုန်သွယ်ရေး လမ်းကြောင်းအသစ်ကို အကောင်အထည်ဖော်ခြင်း

ရနောင်း၊ ကော့သောင်း ဆိပ်ကမ်းများမှတစ်ဆင့် Laem Chabang ဆိပ်ကမ်း (Thailand)နှင့် ရန်ကုန်ဆိပ်ကမ်း (မြန်မာ) အကြား ဗျူဟာကျသည့် ကုန်သွယ်ရေးလမ်းကြောင်းကို ယခုအခါတွင် အပြည့်အဝ အသုံးပြုနိုင်ပြီဖြစ်ပါသည်။ အဓိက နယ်စပ် ကုန်သွယ်ရေးစခန်းများနှင့် ကုန်းတွင်းဆိပ်ကမ်းများကို ချိတ်ဆက်ပေးသည့် အဆိုပါလမ်းကြောင်းသည် သယ်ယူပို့ဆောင်ရေးစရိတ်များကို သိသိသာသာလျှော့ချပေးပြီး သွင်းကုန်နှင့် ပို့ကုန် လုပ်ငန်းရှင် နှစ်ဖက်စလုံးအတွက် ကုန်စည်ထောက်ပံ့ ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်း စွမ်းဆောင်ရည်ကို တိုးတက်စေပါသည်။ အဆိုပါစကြံကို ဖြတ်ကျော်၍ ကုန်စည်များစီးဆင်းရာတွင် အခြေအနေများကို အပြောင်းအလဲ မရှိ ကြိုတင်တွက်ဆနိုင်ပြီး အလေအလွင့်နည်းပါး၍ ကုန်ကျစရိတ်သက်သာစေသောကြောင့် ပို့ကုန်၊ သွင်းကုန် နှစ်ဖက်စလုံးရှိ အကျိုး သက်ဆိုင်သူများကို အကျိုးဖြစ်ထွန်းစေပါသည်။

# လက်ရှိကျင့်သုံးနေသောစံလုပ်ငန်းစဉ်များ (SOPs)

## (၁) ပို့ကုန်လုပ်ငန်းများ

ယခုအခါတွင် မြန်မာနိုင်ငံ၏ နေရာအနှံ့အပြားမှ ကုန်စည်များကို ကွန်တိန်နာသဘော်များကို အသုံးပြု၍ သယ်ယူပို့ဆောင်သည့်ဝန်ဆောင်မှုများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ အခက်အခဲမရှိ တင်ပို့နိုင်ပြီဖြစ်ပါသည်။ အကောက်ခွန်ရှင်းလင်းခြင်းနှင့် လိုင်စင်ရယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးနောက် ကုန်တင်သဘော်များသည် ရန်ကုန်မှကော့သောင်းသို့ ထွက်ခွာပါသည်။ ကော့သောင်းမှ အကောက်ခွန်အရာရှိများသည် အကောက်ခွန်ရှင်းလင်းပြီးကြောင်း စည်းတံဆိပ်များ မပျက်မစီး တည်ရှိနေကြောင်းကို အတည်ပြုရန် သဘော်ပေါ်သို့ တက်ရောက်စစ်ဆေးပါမည်။ အတည်ပြုပြီးသည်နှင့် ကုန်တင်သဘော်သည် ရနောင်းဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာပြီး အဆိုပါနေရာမှကုန်စည်များကို Laem Chabang ဆိပ်ကမ်းမှတစ်ဆင့် နိုင်ငံတကာဈေးကွက်များသို့ ဆက်လက်ပို့ဆောင်ပါမည်။ အထက်ပါ ပို့ကုန်လုပ်ငန်းစဉ်သည် အချိန်နှင့်တစ်ပြေးညီဖြစ်ပြီး အကျိုးထိရောက်၍ အကုန်အကျသက်သာသော ကုန်စည်စီးဆင်းမှုကို ဖြစ်ပေါ်စေကြောင်းကို အခိုင်အမာ သက်သေပြသနိုင်ခဲ့ပါသည်။

## (၂) သွင်းကုန်လုပ်ငန်းများ

Laem Chabang မှရောက်ရှိလာသော သွင်းကုန်များကို ကွန်တိန်နာအတွင်းထည့်သွင်း၍ ရနောင်းနှင့် ကော့သောင်းမှ တစ်ဆင့် ရန်ကုန်သို့ ပို့ဆောင်ပါသည်။ မြန်မာဘက်မှ အကောက်ခွန်အရာရှိများက အကောက်ခွန်စည်းတံဆိပ် မပျက်စီးကြောင်းကို သဘော်ပေါ်သို့ တက်ရောက်စစ်ဆေးနိုင်ရန် ကုန်တင်သဘော်သည် ကော့သောင်းတွင် ခေတ္တရပ်နားပါသည်။ အတည်ပြုစစ်ဆေးပြီးနောက် ကုန်တင်သဘော်သည် ရန်ကုန်သို့ဆက်လက်ထွက်ခွာပြီး OSS (One Stop Service) ၌ အကောက်ခွန်ရှင်းလင်းပြီး နောက်ဆုံးလက်ခံရယူမည့် customer များထံ ဆက်လက်ပို့ဆောင်ပေးပါသည်။ အထက်ပါ သွင်းကုန်လုပ်ငန်းစဉ်သည် လမ်းကြောင်းကြပ်တည်းနေသော ကုန်းလမ်းပို့ဆောင်ရေးအစား အသုံးပြုနိုင်သည့် ယုံကြည်စိတ်ချရသော၊ အလေအလွင့်နည်းပါး၍ ကုန်ကျစရိတ် သက်သာသော လမ်းကြောင်းဖြစ်ကြောင်းကို သက်သေပြသနိုင်ခဲ့ပါသည်။

## (၃) တွေ့ရှိရသော အဓိက အကျိုးကျေးဇူးများ

ရနောင်းဆိပ်ကမ်း အခြေပြုကုန်သွယ်ရေးစင်္ကြံသည် စတင်အကောင်အထည်ဖော်သည့်အချိန်မှစ၍ အောက်ပါအကျိုးကျေးဇူးများ ဖြစ်ထွန်းစေခဲ့ပါသည်။

(၁) နယ်စပ်ရှိ ကုန်းလမ်းများ ပိတ်ထားသော်လည်း အနှောင့်အယှက်မရှိ ကုန်စည်များစီးဆင်းခြင်း။

(၂) အတားအဆီးများ မရှိသလောက် နည်းပါးသောကြောင့် ပို့ဆောင်မှုမြန်ဆန်ခြင်း၊

(၃) သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များ လျော့ကျခြင်းနှင့်

(၄) ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များနှင့် သုံးစွဲသူများအတွက် ခိုင်မာသောအကျိုးကျေးဇူးများ ဖြစ်ထွန်းစေခြင်း။

EFR ၏ နယ်စပ်ဖြတ်ကျော် ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများသည် ယခုအခါ တရားဝင်စတင်လည်ပတ်လျက်ရှိပြီး အစိုးရ၏ ကုန်သွယ်ရေး လွယ်ကူလျင်မြန်ရေး ပန်းတိုင်များကို အထောက်အကူပြုပြီး ဒေသတွင်း ကုန်စည်ထောက်ပံ့ပို့ဆောင်ရေး ကဏ္ဍတွင် ကုန်တင်သဘော်ဖြင့် ကုန်စည်ပို့ဆောင်ခြင်း၏ ဗျူဟာမြောက် အရေးပါမှုကို ပေါ်လွင်စေပါသည်။

# တည်ဆဲဆောင်ရွက်နေသော ပရောဂျက်

## EVER FLOW RIVER LOGISTICS & DISTRIBUTION CENTER (MANDALAY)




Ever Flow River Logistics & Distribution Center (Mandalay) ဆိုသည်မှာ Ever Flow River Group က မန္တလေးတိုင်းဒေသကြီးအစိုးရနှင့် ချုပ်ဆိုမည့် တည်ဆောက်၊ လည်ပတ်၊ လွှဲပြောင်း(BOT) သဘောတူညီချက်မှတစ်ဆင့် နှစ်(၇၀) ဆောင်ရွက်မည့် မဟာဗျူဟာကျသည့် ကုန်တွင်း တာမင်နယ်လ်ပရောဂျက်ဖြစ်ပါသည်။ အစိုးရထံမှ ငှားယူသော မြေ ၁၁ ဒသမ ၄ ဧကသည် ပရောဂျက်တွင်ပါဝင်ပြီး မြန်မာပြည်အထက်ပိုင်းတွင် ကုန်စည်ထောက်ပံ့ပို့ဆောင်သည့် အဓိက အဝင်၊ အထွက် နေရာအဖြစ် ဆောင်ရွက်ပေးရန် ရည်ရွယ်ပါသည်။

ကုန်ကျစရိတ် သက်သာစေရန်နှင့် ဘက်စုံပို့ဆောင်ရေးကို ထည့်သွင်းရန် မူလပရောဂျက်အစီအစဉ်တွင် ရန်ကုန်နှင့် မန္တလေး အကြား ရထားလမ်းဖြင့် သယ်ယူပို့ဆောင်ခြင်းပါဝင်သော်လည်း ရထားလမ်းပိုင်း လုပ်ငန်းများကို စတင်ဆောင်ရွက်ခြင်း မရှိသေးပါ။ သို့ရာတွင် သိုလှောင်ရေး ဝန်ဆောင်မှုများနှင့် ကုန်စည် ထောက်ပံ့ပို့ဆောင်ရေး ဆက်စပ်ဝန်ဆောင်မှုများအတွက် တာမင်နယ်လ်သည် ယခုအခါတွင် အပြည့်အဝ လုပ်ငန်းလည်ပတ်လျက်ရှိပါသည်။

## တည်ဆဲဆောင်ရွက်နေသော လုပ်ငန်းများ

- **သိုလှောင်ရုံလုပ်ငန်း** - ၃ ဒသမ ၄၃၄ စတုရန်းမီတာအကျယ်ရှိ သိုလှောင်ရုံဧရိယာကို လက်ရှိအသုံးပြုလျက်ရှိပြီး ကုန်စည်အမျိုးမျိုးကို စီမံခန့်ခွဲလျက်ရှိပါသည်။
- **ကွန်တိန်နာကွင်း** - ပို့ကုန်၊ သွင်းကုန်နှင့် ကွန်တိန်နာအလွတ်များကိုသိုလှောင်ရန်အတွက် ၁ ဒသမ ၃ ဧက အကျယ်အဝန်းရှိသော ကွန်တိန်နာကွင်း။
- **ပြင်ပသိုလှောင်ရုံ ဝန်ဆောင်မှု** - Client များအတွက် ၁ ဒသမ ၀၀၀ စတုရန်းမီတာ အကျယ်အဝန်းရှိသော လုံခြုံစိတ်ချရသည့် ပြင်ပသိုလှောင်ရုံဝန်ဆောင်မှုများ။
- **စွမ်းအင်ဆိုင်ရာ အဆောက်အအုံများ** - နိုင်ငံပိုင်ဓာတ်အားလိုင်းဖြင့် ချိတ်ဆက်ထားသော 500 KVA ထရန်စဖော်မာဖြင့် အဓိက ဓာတ်အားဖြန့်ဖြူးပြီး အရန်အနေဖြင့် 150 KVA ဂျင်နရေတာကို ထားရှိပါသည်။

၂၀၂၂ နှစ်ကုန်ပိုင်းမှစ၍ မန္တလေးစင်တာသည် သိုလှောင်ရုံလုပ်ငန်း၊ အကောက်ခွန် ရှင်းလင်းရေးဝန်ဆောင်မှု၊ သယ်ယူပို့ဆောင်ရေးယာဉ်များကို ညှိနှိုင်းစီစဉ်ပေးခြင်းနှင့် ကွန်တိန်များကို စီမံခန့်ခွဲခြင်းကဲ့သို့ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးပြီး **ပြည်တွင်းဖြန့်ဖြူးခြင်းနှင့် ကုန်စည်များ စုပေါင်းသိုလှောင်ခြင်း**အတွက် အဓိကနေရာအဖြစ် ဆောင်ရွက်ပါသည်။

## အနာဂတ်တွင် တိုးချဲ့မည့် လုပ်ငန်းများ

ရထားလမ်းဖြင့် ဆောင်ရွက်မည့် အစိတ်အပိုင်းသည် လက်ရှိတွင် ဆောင်ရွက်ဆဲဖြစ်သော်လည်း အနာဂတ်တွင် ရထားလမ်းသယ်ယူပို့ဆောင်ရေးကိုပါ ထည့်သွင်းဆောင်ရွက်ရန်လျာထားပြီး ထိုမှတစ်ဆင့် နိုင်ငံ၏ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေး စင်တာအဖြစ် ဆောင်ရွက်နေသော တာမင်နယ်လ်၏ အခန်းကဏ္ဍကို အဆင့်မြှင့်တင်ပါမည်။ ထို့အပြင် E.F.R သည် ပရောဂျက်၏ အဆင့်(၂)ကို အကောင်အထည်ဖော်ရန် စီစဉ်ထားပြီး ကွန်တိန်နာကွင်းများ ထပ်မံတည်ဆောက်၍ သိုလှောင်နိုင်စွမ်းပမာဏကို တိုးချဲ့သွားပါမည်။

E.F.R Logistics & Distribution Center (Mandalay)သည် မြန်မာနိုင်ငံမြောက်ပိုင်း၏ ကုန်သွယ်ရေးလုပ်ငန်းများအတွက် ဗဟိုဌာနအဖြစ်ရပ်တည်၍ ဒေသအတွင်း၌ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုများကို အစမှအဆုံးအထိ ဝန်ဆောင်မှုပေးရန်နှင့် အဓိက client များအတွက် 4PL ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရန်ရည်ရွယ်ပါသည်။

# လုပ်ငန်းလည်ပတ်မည့်အဆင့်သို့ရောက်ရှိလုနီးသည့်ပရောဂျက်

## YANGON CENTER OF LOGISTICS HUB (YLH)




Yangon Center of Logistics Hub (YLH) သည် E.F.R Group က တည်ဆောက်နေသော ကုန်စည် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အဓိက အခြေခံအဆောက်အအုံဖြစ်ပြီး ရန်ကုန်၏ အဓိကစက်မှုဇုန်များတွင် ကုန်စည်စီးဆင်းမှု ထိရောက်၍ စျေးနှုန်းသက်သာစေရန် ရည်ရွယ်ပါသည်။ ရွှေလင်ဗန်းစက်မှုဇုန်တွင် တည်ရှိသော YLH သည် မြေဧက ၄၀ ကျယ်ဝန်းပြီး ကွန်တိန်နာကွင်းအဖြစ် ဝန်ဆောင်မှုပေးရန်နှင့် ကုန်တင်သင်္ဘော အခြေခံ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများအတွက် ဗဟိုဌာနအဖြစ် လုပ်ငန်းများကို ဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။

### လက်ရှိ အခြေအနေ (၂၀၂၅)

- သိုလှောင်ရုံဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကို တည်ဆောက်လျက်ရှိပြီး ကွန်တိန်နာကွင်းသည် တည်ဆောက်မှု ပြီးစီးလုနီးပါး ဖြစ်ပါသည်။
- ၂၀၂၅ ခုနှစ်မကုန်မီ လုပ်ငန်းများကို စတင်လည်ပတ်ရန်ခန့်မှန်းထားပြီး သိုလှောင်ရုံဝန်ဆောင်မှုများနှင့် ကွန်တိန်နာများစီမံခန့်ခွဲပေးခြင်း ဝန်ဆောင်မှုများကို အစပြုဆောင်ရွက်ပါမည်။

### မျှော်မှန်းထားသည့် အခန်းကဏ္ဍ

- လှိုင်သာယာနှင့် ရွှေပြည်သာကဲ့သို့ အဓိက ဧရိယာများအပါအဝင် ရန်ကုန်ရှိ စက်မှုဇုန်ပေါင်း ၁၇ ခုအတွက် ကုန်စည်များ စုပေါင်း ထောက်ပံ့ပို့ဆောင်၊ သိုလှောင်ပေးသည့် ဗဟိုဌာနအဖြစ် ဆောင်ရွက်ပေးခြင်း၊
- ကုန်စည် ထောက်ပံ့ပို့ဆောင်ရေး ကုန်ကျစရိတ်များကို လျှော့ချရန် လုပ်ငန်းစဉ်ကို ချမှတ်ထားပြီး ကုန်းလမ်းမှ ကုန်တင်သင်္ဘောဖြင့် ရေလမ်းသို့ ပြောင်းရွှေ့သယ်ယူပို့ဆောင်ခြင်းဖြင့် ကားလမ်းကြပ်တည်းမှုကို လျှော့ချနိုင်ခြင်း၊
- ပိုမိုအကျိုးရှိ ထိရောက်သည့် ပြည်တွင်း ဖြန့်ဖြူးရေးလမ်းကြောင်းတစ်ခုကို ဖော်ဆောင်ပေးပြီး ကုန်ထုတ်လုပ်ရေးဇုန်များအတွက် ပို့ကုန်၊ သွင်းကုန် စီမံခန့်ခွဲခြင်းကို လွယ်ကူအဆင်ပြေစေရန် ဝန်ဆောင်မှုပေးခြင်း။

## ပရောဂျက် ရည်မှန်းချက်များ

- မြောက်ဘက်နှင့် အနောက်ဘက်ရှိ ရန်ကုန်စက်မှုဇုန်များအကြား ကုန်စည်စီးဆင်းမှုအတွက် ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးကို အထောက်အကူပြု ဆောင်ရွက်ပေးရန်၊
- ရေရှည်တည်တံ့၍ ကုန်ကျစရိတ်သက်သာသည့် အစားထိုးနည်းလမ်းအဖြစ် ကုန်တင်သင်္ဘော အခြေပြု သယ်ယူပို့ဆောင်ရေးစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊
- ကုန်စည်ထုတ်လုပ်ရေးဇုန်များနှင့် နိုင်ငံတကာ ကုန်သွယ်ရေး စီးဆင်းမှုလမ်းကြောင်းများ ဆက်သွယ်ရေးကို ပိုမိုခိုင်မာအားကောင်းစေရန်နှင့်
- တိုင်းပြည်နှင့် နိုင်ငံသူ၊ နိုင်ငံသားများအတွက် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့တွင် တစ်တပ်တစ်အား ပါဝင်အားဖြည့်ကူညီရန်။

လုပ်ငန်း စတင်ဆောင်ရွက်သည်နှင့် YLH သည် ခေတ်မီ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေး ဗဟိုချက်အဖြစ် ဆောင်ရွက်ပါမည်။ မြန်မာနိုင်ငံတစ်ဝန်း ပြည်တွင်းစက်မှုလုပ်ငန်းနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို အထောက်အကူပြုရန် ကွန်တိန်နာများ ရပ်နားနေရာနှင့် သိုလှောင်ရုံ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးပါမည်။